မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေ့ရောညဉ့်ပါ အခါခပ်သိမ်းမေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။

ဓမ္မပဒ

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၈)

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
၂၀၂၄ ခုနှစ်၊ မေ ၆ ရက်၊ တနင်္လာနေ့

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## မီးသတ်တပ်ဖွဲ့ဝင်များလုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များအားလုံးသည် ပြည်သူ့အကျိုး၊ ပြည်သူ့အရေးကိစ္စပင်ဖြစ်၊ ပြည်သူ့အကျိုး၊ ပြည်သူ့အရေးကိစ္စသည် တစ်မျိုးသားလုံး၏အရေးကိစ္စဖြစ်ပြီး နိုင်ငံတော်၏အရေးကိစ္စပင်ဖြစ်

**နေပြည်တော် မေ ၅**

(၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC-II )၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ အငြိမ်းစားမီးသတ်တပ်ဖွဲ့ဝင် အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သန္ဓေ၊ အရန်၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများကို လိုက်လံကြည့်ရှုအားပေးစဉ်။

Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ မေ ၆ ရက်)

# နိုင်ငံ့အတွက် ကျောက်မျက်ရတနာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၃ ရက်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် (၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့သည်။ (၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်အကြီးအကဲက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည်အရောင်းပြခန်းများနှင့် ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ ကျောက်မျက်တွင်းထွက်ရတနာ အမျိုးအစားပေါင်း ၇၅ မျိုးအထိ ထွက်ရှိကြောင်းသိရှိရသည်။ ထိုသယံဇာတကျောက်မျက်ရတနာများသည် နိုင်ငံတော်အတွက် အကျိုးစီးပွားဖြစ်ထွန်းစေလျက်ရှိသည်။ ကိုယ်ပိုင်ထီးနန်းဖြင့် နေထိုင်ကြစဉ်ကပင် မြန်မာ့ကျောက်မျက်ရတနာများသည် တန်ဖိုးမဖြတ်နိုင်အောင်ဖြစ်ခဲ့သည်။ ရတနာစိန်ကျောက်ဇယ်တောက်တန်းကစားခဲ့ပြီး အလှူရေစက်လက်နှင့်မကွာလှူဒါန်းနိုင်ခဲ့ကြောင်း ဘုရားကျောင်းကန်စေတီပုထိုးများက သက်သေပြုလျက်ရှိသည်။

နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းခဲ့မှုမှာ သမိုင်းစဉ်တစ်လျှောက်သာမက လက်ရှိအခြေအနေအထိပင်ဖြစ်သည်။ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့်နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများရရှိစေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကိုရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်က စတင်ခဲ့သည်ဟုသိရသည်။ ပထမဆုံးအကြိမ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၁၉၆၄ ခုနှစ်တွင် ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ စတင်ကျင်းပခဲ့သည်။ ပထမဆုံးအကြိမ်မှ ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလ အကြိမ် (၃၀) မြောက်ပြပွဲအထိ ပြပွဲပေါင်း ၃၁ ပွဲကို ရန်ကုန်မြို့အင်းယားလိတ်ဟိုတယ်၌ပင်ကျင်းပခဲ့သည်။ ၁၉၉၃ ခုနှစ် နှစ်လယ်ပြပွဲမှ ၂၀၀၆ ခုနှစ် မတ်လ (၄၃) ကြိမ်မြောက်ပြပွဲအထိ ပြပွဲပေါင်း ၃၅ ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမ၌ ကျင်းပခဲ့ပြီး ၂၀၀၆ ခုနှစ် ဇွန်၊ ဇူလိုင်အထူးပြပွဲမှ ၂၀၁၀ ပြည့်နှစ် ဇွန်၊ ဇူလိုင်အထူးပြပွဲအထိပြပွဲပေါင်း ၁၃ ပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပခဲ့သည်။

ယခု(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေလ ၃ ရက်မှ ၁၂ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိသည်။ ယခုပြပွဲတွင်ပုလဲအတွဲပေါင်း ၄၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၅၅၀ တို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးနေခြင်းဖြစ်သည်။ ကျောက်မျက်အတွဲ (A) နှင့်(B) အုပ်စုမှ ကျောက်စိမ်းအတွဲများရောင်းချရာတွင် အခြေခံဈေးကို အမေရိကန်ဒေါ်လာဖြင့်သတ်မှတ်ထားရှိပြီး(C) အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက်အခြေခံဈေးကို မြန်မာကျပ်ငွေဖြင့် သတ်မှတ်ထားသည်။

ပုလဲအတွဲ၊ ကျောက်မျက်အတွဲ (A) နှင့်(B) အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက် အာမခံစပေါ်ငွေကို ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့်ညီမျှသည့် ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်ပေးသွင်းနိုင်ပြီး ပြည်တွင်းရတနာကုန်သည်များက မြန်မာကျပ်ငွေဖြင့် ပေးသွင်းနိုင်ကြောင်းနှင့် ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိသည့် (C) အုပ်စုမှကျောက်စိမ်းအတွဲများအတွက် အာမခံစပေါ်ငွေကို မြန်မာကျပ်ငွေဖြင့်ပေးသွင်းနိုင်သည်။ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအနေဖြင့် ဝယ်ယူခွင့်ရရှိသည့် (A) အုပ်စုမှကျောက်စိမ်းအတွဲများအတွက် တန်ဖိုးငွေကို အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့်ညီမျှသော ယူရိုငွေ၊ ထိုင်းဘတ်ငွေ၊ ယွမ်ငွေများဖြင့်ပေးချေရမည်ဖြစ်ကြောင်းသိရသည်။ ပုလဲအတွဲ၊ ကျောက်မျက်အတွဲ (B) အုပ်စုမှ ကျောက်စိမ်းအတွဲများကို ဝယ်ယူခွင့်ရရှိသော ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့်ညီမျှသော ယူရိုငွေ၊ ထိုင်းဘတ်ငွေ၊ ယွမ်ငွေများဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ (C) အုပ်စုမှ ကျောက်စိမ်းအတွဲများကို ပြည်တွင်းရတနာကုန်သည်များသာဝယ်ယူခွင့်ရမည်ဖြစ်ပြီး တန်ဖိုးငွေကိုမြန်မာကျပ်ငွေဖြင့်လည်းကောင်း ပေးချေရမည်ဖြစ်သည်။

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် MSME လုပ်ငန်းရှင်များကုန်ကြမ်းရရှိစေပြီး လွယ်ကူအဆင်ပြေသည်။ ကျောက်စိမ်းအုပ်စု (C) တွင် မြန်မာကျပ်ငွေဖြင့်ရောင်းချသည့်အတွက် ကုန်သည်ငယ်များ ဝယ်ယူနိုင်သည်။ ကုန်ကြမ်းများမှတစ်ဆင့် အချောထည်လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀ တွဲ ပုလဲအလုံးရေ တစ်သိန်းဖြစ်ပြီး အခြေခံဈေးမှာအမေရိကန်ဒေါ်လာ ၃ ဒသမ ၃ သန်းကျော်ဖိုးဖြစ်သည်။ အနှစ်ချုပ်ဆိုရသော်(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှာ နိုင်ငံတော်အတွက်များစွာ အထောက်အကူရရှိသည့် ပွဲဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအားဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

ပြည်၊ လူမှုရေး

# ပြည်မြို့နယ် ဈေးရပ်ကျေးရွာ၌ အခြေခံအပ်ချုပ်စက် သင်တန်းဖွင့်ပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မော်ဇာကျေးရွာအုပ်စု ဈေးရပ်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေလ ၄ ရက်တွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးတို့က အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံအပ်ချုပ်စက်သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေဇော်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံအပ်ချုပ်စက်သင်တန်းမှ ပို့ချပေးမည့်သင်ခန်းစာများကို မိသားစုအတွက် တစ်ဖက်တစ်လမ်းမှအပိုဝင်ငွေရှာဖွေပေးနိုင်သည်အထိ ကြိုးစားလေ့လာသင်ယူစေလိုကြောင်းပြောကြားပြီး သင်တန်းနည်းပြဆရာမက သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများ၏ လက်ဝယ်အရောက်အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံအပ်ချုပ်စက်သင်တန်းသို့ မော်ဇာကျေးရွာအုပ်စု ဈေးရပ်ကျေးရွာနှင့်အနီးပတ်ဝန်းကျင်မှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြောင်း၊ အခြေခံအပ်ချုပ်စက်နည်းနှင့်ပတ်သက်၍ ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးတို့က သင်ထောက်ကူပစ္စည်းအပြည့်အစုံဖြင့် မေလ ၄ ရက်မှ ဇွန်လ ၂ ရက်အထိ ရက် ၃၀ ကြာ စာတွေ့လက်တွေ့နှစ်မျိုးဖြင့် အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

## ♫♫ သဇင် (FM) အသံလွှင့်အစီအစဉ် ♫♫

၆-၅-၂၀၂၄(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၈း၀၀ | ယဉ်ကျေးလိမ္မာဖို့နားဆင်စို့ | ၅။ ၁၇း၀၀ | သွေးချင်းတို့ဌာနေ |
| ၂။ ၁၀း၄၆ | Master Chef | ၆။ ၁၉း၃၀ | International Song |
| ၃။ ၁၃း၃၀ | Live For You | ၇။ ၂၁း၄၀ | အသံလွှင့်ဇာတ်လမ်း |
| ၄။ ၁၅း၀၀ | Fighting Music | ၈။ ၂၂း၂၀ | Good Night Listeners |

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

မင်းဘူး မေ ၅

# မင်းဘူးမြို့၌ နွေရာသီအပူဒဏ်ကြိုတင်ကာကွယ်ရေး အပူရှောင်စခန်းဖွင့်လှစ်ထားရှိမှု တိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေး



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့ရှိ မြို့ပေါ်ရပ်ကွက်များမှ သက်ကြီးရွယ်အိုဘိုးဘွားများ နွေရာသီ အပူဒဏ်ကြိုတင်ကာကွယ်ရေးအတွက် မင်းဘူးမြို့ ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း၌ အပူရှောင်စခန်းဖွင့်လှစ်ထားရှိမှုအခြေအနေများကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက အဆိုပါ အပူရှောင်စခန်းရှိ သက်ကြီးရွယ်အိုဘိုးဘွားများ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေ နေထိုင်နိုင်စေရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ မင်းဘူးခရိုင်ပြည်သူ့ဆေးရုံကြီးမှအထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက အထွေထွေရောဂါများအပြင် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများ ရှာဖွေ၊ စမ်းသပ်၊ စစ်ဆေး၊ ကုသပေးခြင်းများအခမဲ့ဆောင်ရွက်ပေးနေမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှု၊ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များနှင့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့အစည်းများမှ အစားအသောက်၊ အကျွေးအမွေးများအပြင် လိုအပ်သောအထွေထွေဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး အဘိုးအဘွားများအား ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မင်းဘူးမြို့၌ နွေရာသီအပူဒဏ်ကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်ကြီး (၄)ရပ်ကွက်မှ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို အဘိုး ၅၄ ဦး၊ အဘွား ၁၄၈ ဦး စုစုပေါင်း ၂၀၂ ဦးကို မင်းဘူးမြို့ ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်းရှိ အပူရှောင်စခန်း၌ မေလ ၂ ရက်မှ စတင်ပြီး ၁၄ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၆ နာရီအထိ Aircon အခန်းများဖြင့် တစုတစည်းတည်း သက်သောင့်သက်သာဖြင့် အေးအေးချမ်းချမ်း အနားယူအပန်းဖြေနိုင်စေရန် ဖွင့်လှစ်ပေးထားသည်။

အဆိုပါ အပူရှောင်စခန်းရှိ သက်ကြီးဘိုးဘွားများအတွက် နေ့လယ်စာနှင့် ညစာအာဟာရများ၊ နေ့ခင်းဘက် အဆာပြေ အချိုပွဲ၊ မုန့်၊ ရေသန့်နှင့် အအေးများကို စေတနာရှင်အလှူရှင်များက နေ့အလိုက် လာရောက်ကျွေးမွေးလှူဒါန်းပေးလျက်ရှိကြောင်း၊ အဘိုးအဘွားများအနေဖြင့် နေ့ခင်းဘက်အပျင်းပြေစေရန် လက်ဖက်သုပ်၊ ထန်းလျက်ခဲနှင့် ရေနွေးကြမ်းများသုံးဆောင်၍ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်ဖြင့် ဝိုင်းဖွဲ့စကားပြောခြင်း၊ TV ရုပ်သံလိုင်းများ ကြည့်ရှုနိုင်စေရန် ဖွင့်လှစ်ပြသပေးထားခြင်းနှင့် စာအုပ်စာပေများ ဖတ်ရှုလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားခြင်း စသည့် ဝန်ဆောင်မှုများကို စနစ်တကျစီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လမ်းအထူးအဖွဲ့(၁၁)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းရှိ မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ မူလကတ္တရာလမ်း ၁ မိုင် ၁ ဖာလုံအား ပေ ၃၀ အကျယ်မှ ပေ ၄၀/၄၈ ပေ အကျယ်တိုးချဲ့၍ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းခွင်သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းအရည်အသွေး ကြံ့ခိုင်ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

တောင်တွင်းကြီး မေ ၅

# တောင်တွင်းကြီးမြို့နယ်၌ သက်ကြီးဘိုးဘွားများ အပူရှောင်နိုင်ရန် အပူရှောင်စခန်းစတင်ဖွင့်လှစ်



မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရွှေအင်းတောင်စေတီတော်မြတ်ကြီး အရှေ့ဘက်စောင်းတန်းတွင် သက်ကြီးဘိုးဘွားများ အပူရှောင်နိုင်ရန်အတွက် အပူရှောင်စခန်းကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင် (၁)ဗိုလ်မှူးသက်ခိုင်ထွန်းတို့က အပူရှောင်စခန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဝေယံမြင့်က နွေရာသီကာလအတွင်း ကျန်းမာရေးနှင့်အညီ ပြုမူနေထိုင်စားသောက်ရမည်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက အပူရှောင်စခန်းသို့လာရောက်ကြသည့် သက်ကြီးဘိုးဘွားများအား ချွေးသုတ်ပဝါနှင့် ထောက်ပံ့ငွေများကို တစ်ဦးချင်းလက်ဝယ်အရောက်ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့မှ တာဝန်ကျဆရာမများက အပူရှောင်စခန်းသို့ လာရောက်ကြသည့် သက်ကြီးဘိုးဘွားများအား သွေးပေါင်ချိန်ခြင်း၊ အပူငြိမ်းဆေးတိုက်ကျွေးခြင်းနှင့် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ အပူရှောင်စခန်းသို့လာရောက်သူများ သက်သောင့်သက်သာနေထိုင်နိုင်စေရန် ဝါးပက်လက်ကုလားထိုင် ၂၀ လုံးစီစဉ်ထားရှိပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များကိုလည်း စီစဉ်ထားရှိသည်။

အဆိုပါအပူရှောင်စခန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Mobile library ဖွင့်လှစ်ဆောင်ရွက်ပေးထားပြီး သဘာဝဘေး အန္တရာယ်၊ မီးဘေးအန္တရာယ်၊ အယ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၊ အပူဒဏ်အန္တရာယ်နှင့် ကျန်းမာရေးပြဿနာများ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက် အသိပညာပေးနံရံကပ်စာစောင်များကိုခင်းကျင်းထားကြောင်း သိရသည်။

**ရန်နောင်စိုး(ပြန်/ဆက်)**

(၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုကဗျာ

## ဂုဏ်ရည်လေးစားမီးသတ်သမား (ကာချင်း)

♦ မီးသတ်ဇာနည် ရဲဝံ့သည်
ဘာမထီလော သာကီလော။
ဟုတ်တည်း ဆွေချင်း ဆွေချင်း။
ဟုတ်တည်း မျိုးရင်း မျိုးရင်း။
ဟုတ်တည်း ညီရင်း ညီရင်း။
ဟုတ်တည်း နောင်ရင်း နောင်ရင်း။
♦ မီးသတ်စစ်သည် ဇာနည် ဇာနည်
ရဲရင့်တည်ကြည် မျိုးသာကီ
စွမ်းရည် ထက်မြက်တယ် ထက်မြက်တယ်။
♦ မီးဘေးကင်းစင် ပြည်တစ်ခွင်
ကြိုတင် ကာကွယ်တယ် ကာကွယ်တယ်။
♦ အရေးသုံးပါး ဦးထိပ်ထား
လေးစား စောင့်ရှောက်တယ် စောင့်ရှောက်တယ်။
♦ သန္ဓေအရန် ပြည့်အားမာန်
ရှင်သန် ညီညွတ်တယ် ညီညွတ်တယ်။
♦ မီးအန္တရာယ် ကင်းရန်ရွယ်
လှည့်လည် စစ်ဆေးတယ် စစ်ဆေးတယ်။
♦ မီးဘေးကြုံလာ ငြိမ်းသတ်ရာ
ပညာ ကမ်းဆင့်တယ် ကမ်းဆင့်တယ်။
♦ မီးလောင်ပြင်သွား မီးလျှံကြား
စွန့်စား ငြိမ်းသတ်တယ် ငြိမ်းသတ်တယ်။
♦ နည်းပညာကျွမ်း အံ့မခန်း
စက်စွမ်း ခေတ်မီတယ် ခေတ်မီတယ်။
♦ ပြည်သူ့အိုးအိမ် သက်စည်းစိမ်
ကြိမ်ကြိမ် ကာကွယ်တယ် ကာကွယ်တယ်။
♦ သဘာဝဘေး ရောဂါဘေး
ကပ်ဘေး ကယ်တင်တယ် ကယ်တင်တယ်။
♦ မီးသတ်သမား ပြည်ချစ်သား
လေးစား ဂုဏ်ယူဖွယ် ဂုဏ်ယူဖွယ်။
ကြည်ဖြူလော ညီတူလော ပြည်သူလော။ ။

**မောင်မင်းသိမ်း(သရက်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆° C | / | ၃၈.၂° C |
| ရန်ကုန် | ၂၅° C | / | ၃၉.၀° C |
| မန္တလေး | ၂၆° C | / | ၃၇.၀° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

ကိုလတ်ကတော့ ပြုံးနေတာပဲ။

ဘာမှလည်း ဖြေရှင်းချက်မထုတ်ဘူး။

လိုလည်း မလိုပါဘူးလေ။

သူ့ဘက်မှာ ကိုအောင်တစ်ယောက်လုံးရှိနေတာပဲ။

ကိုအောင်တစ်ယောက်တည်းရှိတာနဲ့ သူ့ဘဝဟာ ပြည့်စုံနေပြီပဲ။

ကိုလတ် ကံကောင်းပါတယ်။

ပြီးတော့ ကံလည်းကောင်းတတ်ပါတယ်။

ညနက်လာလေလေ မိုးကောင်းကင်ကြီးဟာ မှောင်လာလေလေပဲ။

လျှပ်ရောင်နဲ့အတူ မိုးသက်လေတွေဟာ ခပ်ကြမ်းကြမ်းတိုက်လာခဲ့တယ်။

သည်ည မိုးရွာတော့မှာ သေချာပါတယ်။

ကိုလတ်ဆိုပြတဲ့ အသံမပါတဲ့သီချင်းထဲက စာသားတွေကို အောင်သတိရလာမိတယ်။

ကိုလတ်ရဲ့ အင်္ဂလိပ်အသံထွက် လေယူလေသိမ်းတွေဟာ သိပ်ကောင်းတာပဲ။

ကိုလတ်က ခေတ်လူငယ်ပေမယ့် အင်္ဂလိပ်စာလည်း အဖတ်များတယ်။

ယနေ့ လူငယ်လောကမှာ မြန်မာစာကလွဲပြီး တခြားဘယ်ဘာသာမှ ကျွမ်းကျင်ခွင့်မပေးတဲ့အခြေအနေမျိုးကို ကိုလတ်သနားတယ်။

စိတ်လည်းမကောင်းဘူး။

အောင်ကတော့ ဒေါသထွက်နေတတ်တယ်။

အောင်ကိုယ်တိုင်တောင် အင်္ဂလိပ်စာသိပ်မတတ်ဘူး။

ဖတ်ရင်လည်း နားမလည်ဘူး။

မြန်မာလို ဘာသာပြန်တဲ့စာအုပ်တွေပဲ လိုက်ရှာဖတ်ရတယ်။

တိုင်းပြည်က ခေါင်းဆောင်တွေ၊ လူတော်တွေ တစ်ယောက်တစ်ယောက်ကို ဘာသာသုံးလေးမျိုး အနည်းဆုံးတတ်တာကို အောင်သိပ်အားကျတာပဲ။

သည်လို အတွေးပေါင်းစုံက အောင့်ရဲ့နှလုံးသားကို ရစ်ပတ်နှောင်ဖွဲ့နေတုန်း မိုးတွေရွာတယ်။



မိုးရွာလာတာနဲ့ ဖားအော်သံတွေ၊ ပိုးမွှား၊ ပုရစ်အော်သံတွေဟာ ပျောက်သွားတယ်။

သွပ်ပေါ် မိုးရေကျသံဟာ တဝေါဝေါနဲ့ တဖြည်းဖြည်း ကျယ်လာခဲ့တယ်။

Together with my many companions
The wind for garment
and the rain my drink.

ငါ့ရဲ့ ရဲဘော်အပြောက်အမြားနဲ့အတူတူ
လေကို ဝတ်ရုံအဖြစ်ဝတ်တော့မယ်။
ပြီးတော့. . .
မိုးရေတွေကို တို့သောက်သုံးတော့မယ်တဲ့. . .။

**အခန်း (၄၈)**

ညအချိန်မှာ နက်သည်ထက် နက်လာလေသည်။

အပြင်၌ အလင်းရောင်ရယ်လို့ လုံးဝမတွေ့ရ။

ပတ်ဝန်းကျင်အခြေအနေမှာ တိတ်ဆိတ်နေသည်။

အဆောင်ခေါင်မိုးပေါ်မှ အိမ်မြှောင်စုတ်ထိုးသံ တစ်ချက်တစ်ချက် ကြားရသည်ကလွဲ၍ တခြားဘာသံမှ မကြားရတော့။

ချောစုတစ်ယောက်သည်ပင် ပုတီးအာရုံနှင့်အတူ အိပ်မောကျနေလေပြီ။

စောစောကတည်းက သူ့ဂါထာရွတ်သံသည် တစ်စတစ်စ လေးသွားသည်ကို ကြားရကတည်းက ချောစု အိပ်တော့မည်ဆိုတာကို သိနှင့်နေလေပြီ။

မိုသည်းသည်ထက် သည်းလာသဖြင့် အောင်သည် ပြတင်းတံခါးကို ထပိတ်လိုက်လေသည်။

သည်အချိန်၌ လျှပ်စစ်မီးသည် ငြိမ်းသွားပြီဖြစ်သောကြောင့် စားပွဲပေါ် တင်ထားသော ဖယောင်းတိုင်ကို ထွန်းညှိလိုက်လေသည်။

ဗီတာဖုံပုလင်းခွံပေါ်မှ ဖယောင်းတိုင်မီးအရောင်သည် မှိန်လျက်အားနည်းနေသည်။

တေဇောဘမ်းဘူးပေါ် နောက်ထပ်တစ်တိုင် ထွန်းလိုက်ပြန်သည်။

နံနက်သုံးနာရီမှအစပြု၍ အောင်သည် မှတ်တမ်းရေးနေပေပြီတကား။

**အခန်း (၄၉)**

မိုးနည်းနည်းစဲသွားတော့ ခမောက်ဆောင်းပြီး အပြင်ထွက်တာနဲ့ စောင်းလျားပင်အုပ်အုပ်လေးကို တွေ့ရတော့တာပဲ။

ညအမှောင်မှာ အားလုံးအိပ်မောကျနေကြတယ်။

နေ့လယ်ခင်းတုန်းက ဆူဆူညံညံအသံတွေ မကြားရတော့ဘူး။

တစ်လောကလုံး တိတ်ဆိတ်နေခဲ့တယ်။

လျှပ်စစ်မီးတွေ ပြန်လင်းလာလို့ အဆောက်အအုံတွေကို မြင်နေရတယ်။

အိမ်ရှင်တို့ရဲ့ တစ်ထပ်တိုက်ပုလေးရယ်၊ ပျဉ်ထောင်အဆောင်တွေရယ်၊ အုတ်တိုက်အဆောင်တွေရယ် ငြိမ်နေတာပဲ။

စောင်းလျားပင်မှာ ထွေးခင်မျက်နှာကို မြင်နေမိတယ်။

ငယ်ငယ်တုန်းက ထွေးခင်ရုပ်ကို ဘယ်တော့မှ မမေ့ဘူး။

ထွေးခင်သေဆုံးသွားတဲ့နေ့၊ အဲဒီနေ့ရောက်တိုင်းရောက်တိုင်း နေ့စွဲတွေကို မင်နီနဲ့တားထားတယ်။

မောင်လေးဆုံးတဲ့နေ့ရောပဲ။

ငါချစ်တဲ့လူတွေဟာ တစ်နည်းမဟုတ်တစ်နည်း သေဆုံးကုန်ကြတယ်။

အထွန်းကို စခင်တော့ အထွန်းသေတယ်ချည်း အိပ်မက်မက်တာ သုံးလေးခါပဲ။ ချောစုတုန်းကလည်း တစ်ခါမက်ဖူးသေးတယ်။

**ဆက်လက်ဖော်ပြပါမည်။**

ညောင်လေးပင်၊ ဒေသဖွံ့ဖြိုးရေး

## ညောင်လေးပင်မြို့နယ် သာလူကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှမ်းရွာကျေးရွာအုပ်စု သာလူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာပြည်သူ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို မေလ ၅ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သာလူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

သာလူကုန်းကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိ နှစ်ဘီးသွားကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ငွေကျပ် ၁၄၄ သိန်း၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖေဖော်ဝါရီလပထမပတ်မှ စတင်အကောင်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

ရန်ကုန်၊ အသိပညာပေး

## သစ်တောသစ်ပင်နှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ




ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေလ ၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိက သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ထိန်းသိမ်းခြင်း၊ သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ သစ်တောများနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေး၊ သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများ စသည့်ခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောဆွေးနွေးသည်။

ဆက်လက်၍ သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိက ရွာသာကြီးအမြဲတမ်းပျိုးဥယျာဉ်၌ ပျိုးထောင်ထားရှိသည့် သစ်တောပျိုးပင်များအကြောင်းနှင့် နည်းလမ်းမှန်ကန်စွာ သစ်ပင်စိုက်ပျိုးခြင်း အခြေခံနည်းစနစ်ကို သရုပ်ပြရှင်းလင်းသည်။

အဆိုပါအသိပညာပေးဟောပြောပွဲကို ကျောင်းသား၊ ကျောင်းသူများ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ချစ်မြတ်နိုးတတ်စေရန်နှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ အခြေခံအကြောင်းရင်းများကို သိရှိနားလည်တန်ဖိုးထားတတ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

ဘားအံ မေ ၅

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပုဂံ၊တောင်ကြီး၊ငွေဆောင်၊ချောင်းသာလူရည်ချွန်စခန်း အသီးသီးမှပြန်လည်ရောက်ရှိလာသော လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ ဘားအံမြို့ပေါ်ရှိ စက်ရုံအလုပ်ရုံများနှင့် သမိုင်းဝင်ဂူဘုရားများသို့ သွားရောက်လေ့လာ



၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပုဂံ၊ တောင်ကြီး၊ ငွေဆောင်၊ ချောင်းသာ လူရည်ချွန်စခန်းအသီးသီးမှ ပြန်လည်ရောက်ရှိလာသော၊ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် ယမန်နေ့နံနက်ပိုင်းက ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဦးစောထွန်းအောင်ဦးဆောင်၍ ကြီးကြပ်ဆရာ၊ဆရာမများနှင့်အတူ ဘားအံမြို့ပေါ်ရှိ စက်ရုံအလုပ်ရုံများနှင့် သမိုင်းဝင်ဂူဘုရားများသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် အမှတ်(၂)ဘိလပ်မြေစက်ရုံ တန် ၄၀၀၀ (မြိုင်ကလေး)စက်ရုံအား လေ့လာရာတွင် စက်ရုံမှူးကြီး ဦးကျော်ကျော်စိုးက စက်ရုံမှတာဝန်ရှိသူများနှင့်မိတ်ဆက်ပေးပြီး စက်ရုံလည်ပတ်နေမှု အခြေအနေများ၊ ထုတ်လုပ်မှု၊ တင်ပို့ရောင်းချမှုအခြေအနေများ၊ စက်ရုံ၏ဖွဲ့စည်းပုံ၊ ဘိလပ်မြေဖြစ်လာပုံအဆင့်ဆင့်နှင့် ထုတ်လုပ်မှုနည်းပညာများ၊ ၊အသုံးပြုသော စက်ပစ္စည်းများ၊ ထုတ်ကုန်အမျိုးအစားများ၊ ဘိလပ်မြေထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းများ အသေးစိတ်ရှင်းလင်းပြသပေးခဲ့ပြီး လူရည်ချွန်မောင်မယ်များက သိလိုသည်များမေးမြန်းခဲ့ရာ စက်ရုံတာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ လူရည်ချွန်မောင်မယ်များသည် သမိုင်းဝင်ကော့ဂွန်းဂူနှင့် ရသေ့ပုံဂူဘုရားတို့သို့ လေ့လာရာတွင် သဘာဝလိုဏ်ဂူဘုရားများအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညို၍ ပန်း၊ရေချမ်း၊ဆီမီး၊ အလှူငွေများကပ်လှူပူဇော်ခဲ့ကြပြီးနောက် ကရင်ပြည်နယ် ရှေးဟောင်းယဉ်ကျေးမှုနှင့် သုတေသနဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်ကြူကြူသန်းက ရှေးဟောင်းဂူဘုရားများ၏သမိုင်းကြောင်းနှင့် လိုဏ်ဂူအတွင်းရှိ ဘုရားစေတီပုထိုးများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသပေးခဲ့ရာ လူရည်ချွန်မောင်မယ်များက စိတ်ဝင်တစားဖြင့် လေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။

**ခွဲကပင်မေ၊ဝေနိုင်(ပြန်/ဆက်)**

ပူတာအို မေ ၅

## လူရည်ချွန်မောင်မယ်များအား ပူတာအိုလေဆိပ်၌ ဂုဏ်ပြုကြိုဆို

ကချင်ပြည်နယ် ပူတာအိုခရိုင်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၏ ထူးချွန်ထက်မြက်သည့် လူရည်ချွန်မောင်မယ်ကျောင်းသား၊ ကျောင်းသူများသည် လူရည်ချွန်လေ့လာရေးအပန်းဖြေစခန်းများသို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြပြီး မေလ ၄ ရက်က ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိလာရာ ပူတာအိုလေဆိပ်၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသိန်းထွေးနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းညွန့်၊ မြို့နယ်ပညာရေးမှူး ဦးဝင်းဆွေနှင့် ဆရာ၊ ဆရာမများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများမှ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများက ဂုဏ်ပြုပန်းစည်းများဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ပူတာအိုခရိုင်မှ လူရည်ချွန်မောင်မယ်များတွင် ပူတာအိုမြို့နယ်မှ လူရည်ချွန်ခုနစ်ဦး၊ နောင်မွန်းမြို့နယ်မှ လူရည်ချွန်တစ်ဦး စုစုပေါင်းရှစ်ဦးပါဝင်ပြီး Grade-9, 10, 11, 12 တို့မှ နှစ်ဦးစီဖြစ်ကာ အဆိုပါ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် ပုဂံ၊ တောင်ကြီး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်လေ့လာရေးအပန်းဖြေစခန်းများသို့ သွားရောက်လေ့လာခဲ့ကြပြီး မေလ ၄ ရက်တွင် မန္တလေးလေဆိပ်မှ ပူတာအိုလေဆိပ်သို့ အဲယားကမ္ဘောဇလေကြောင်းလိုင်းဖြင့် ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်**
**(ပူတာအို)**



ကော့ကရိတ် မေ ၅

## ကော့ကရိတ်မြို့ ပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိ

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် တိုက်ပွဲဖြစ်စဉ်များကြောင့် လူနေအိမ်များ မီးလောင်ပျက်စီးဆုံးရှုံးခြင်း၊ လျှပ်စစ်မီးတိုင်နှင့်မီးကြိုးများပျက်စီးဆုံးရှုံးခြင်းနှင့် သစ်ပင်သစ်ကိုင်းများ ပြိုလဲမှုဖြစ်စဉ်များကြောင့် မြို့နေပြည်သူလူထုများမှာ ဘေးလွတ်ရာဒေသများသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ကြရာမှ ယခုအခါ နယ်မြေအေးချမ်းတည်ငြိမ်လာပြီဖြစ်သည့်အတွက် မြို့တွင်းသို့ နေ့စဉ်ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိရာ ၎င်းပြည်သူများနေထိုင်မှုနှင့် လျှပ်စစ်မီးများ အဆင်ပြေသုံးစွဲနိုင်ရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများက သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်မီးတိုင်နှင့် လျှပ်စစ်ကြိုးများ ရှင်းလင်းသွယ်တန်းခြင်းများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မေလ ၄ ရက်တွင် ကော့ကရိတ်မြို့တွင်း ပြန်လည်ဝင်ရောက်နေထိုင်သည့်



အမှတ်(၆)ရပ်ကွက် နေအိမ်ခြောက်လုံးရှိ လက်တူးတွင်းခြောက်တွင်းအား သက်ဆိုင်ရာတာဝန်ရှိသူများက Bleaching Powder (Chlorine)ဆေးခတ်ခြင်းနှင့် မြို့တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်လျက်ရှိရာ မေလ ၅ ရက်အထိ အိမ်ထောင်စု ၁၀၈ စု၊ လူဦးရေ ၅၁၂ ဦး နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ စီမံကြီးကြပ်ဆောင်ရွက်မှုဖြင့် အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ခေါက်ဆွဲထုပ် ၁၀ ထုပ် စုစုပေါင်းကာလတန်ဖိုး ၄၃၀၉၂၀၀ တို့ကို ထောက်ပံ့ပေးလျက်ရှိသည်။

ထိုသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူးတို့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းစီမံဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**ခင်မျိုးဝင်း(ခရိုင်ပြန်/ဆက်)**

⏭ ကျောဖုံးမှအဆက်

အစစအရာရာအားလုံးကို သံရုံးက မိဘသဖွယ်ကူညီတဲ့အတွက် ဘယ်လိုကျေးဇူးဆပ်ရမှန်းမသိပါဘူး။ ပြီးတော့ ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားတစ်ခုနဲ့ ကျေးဇူးမကျေဘူးဆိုတာ သမီးနားလည်ပါတယ်။ သံရုံးကိုဝင်လိုက်တာနဲ့အမိနိုင်ငံကိုရောက်သလိုခံစားခဲ့ရပါတယ်။ အခုလို သားသမီးတစ်ယောက်လို ကူညီကယ်တင်ပေးတဲ့ နိုင်ငံတော်အကြီးအကဲများ၊ သံမှူးကြီးနဲ့ ဝန်ထမ်းအားလုံးကို လက်ဆယ်ဖြာမိုးပြီး ဦးခိုက်ပါတယ်။ ကျေးဇူးအထူးတင်ပါတယ်" ဟု တွေ့ကြုံခဲ့ရမှုတို့ကို ပြောကြားသည်။

ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံး၏ညှိနှိုင်းဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ပြန်လည်ခေါ်ယူနိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ နိုင်ငံသူတစ်ဦး ဒုက္ခကြုံတွေ့နေစဉ် ကူညီကယ်တင်ပေးမှုများအတွက် အလုပ်သမားများနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့အား အထူးပင်လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ-ကနူး၊ ညိမ်းသူ(သတင်းစဉ်)**

### မိုးလေဝသ သတင်း




**မှတ်သားဖွယ်ရာမိုးရေချိန်များ**

| | |
|---|---|
| ညောင်လေးပင် | (၀.၂၄)လက်မ |
| မိုးကုတ် | (၀.၁၉)လက်မ |
| ချောင်းဆုံ | (၀.၁၉)လက်မ |
| ကျောက်မဲ | (၀.၁၆)လက်မ |
| ပင်လောင်း | (၀.၁၆)လက်မ |
| ကလေး | (၀.၁၆)လက်မ |
| ကျောက်ဆည်(လွန်ကော့) | (၀.၁၆)လက်မ |
| ဖလမ်း | (၀.၁၁)လက်မ |
| မော်လိုက် | (၀.၁၁)လက်မ |
| တမူး | (၀.၁၁)လက်မ |
| တောင်တွင်းကြီး | (၀.၁၁)လက်မ |

**ထူးခြားသည့်နေ့အပူချိန်များ**

| | |
|---|---|
| ဇောင်းတူ | ၄၁.၈ °C |
| သာယာဝတီ | ၄၁.၄ °C |
| ခရမ်း | ၄၁.၃ °C |
| မြဝတီ | ၄၁.၂ °C |
| ပြည် | ၄၁.၀ °C |
| ဟင်္သာတ | ၄၁.၀ °C |
| ငါးသိုင်းချောင်း | ၄၁.၀ °C |
| အောင်လံ | ၄၀.၉ °C |
| ပဲခူး | ၄၀.၇ °C |
| ရွှေကျင် | ၄၀.၄ °C |
| မှော်ဘီ | ၄၀.၄ °C |

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

| | |
|---|---|
| ကျောက်ဆည် | (၀.၅၁)လက်မ |
| ခန္တီး | (၀.၃၉)လက်မ |
| တီးတိန် | (၀.၂၄)လက်မ |
| တွန်းဇံ | (၀.၂၄)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၈ | ၃၂ |
| ရှမ်း(မြောက်) | ၁၇ | ၃၂ |
| ရှမ်း(အရှေ့) | ၁၉ | ၃၇ |
| ရှမ်း(တောင်) | ၁၉ | ၃၃ |
| ချင်း | ၁၄ | ၂၇ |
| စစ်ကိုင်း(အထက်) | ၂၂ | ၃၅ |
| စစ်ကိုင်း(အောက်) | ၂၇ | ၃၆ |
| နေပြည်တော် | ၂၆ | ၃၇ |
| မန္တလေး | ၂၆ | ၃၉ |
| မကွေး | ၂၄ | ၃၈ |
| ရခိုင် | ၂၇ | ၃၇ |
| ပဲခူး | ၂၅ | ၄၀ |
| ရန်ကုန် | ၂၅ | ၃၉ |
| ဧရာဝတီ | ၂၆ | ၄၀ |
| ကယား | ၂၀ | ၃၃ |
| ကရင် | ၂၆ | ၄၀ |
| မွန် | ၂၆ | ၃၈ |
| တနင်္သာရီ | ၂၆ | ၃၈ |

နေပြည်တော် မေ ၅

# ဟိုပုံးမြို့ ပန်လျန်းဘုန်းတော်ကြီးကျောင်းဆရာတော်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဖူးမြော်၍ လှူဖွယ်ဝတ္ထုနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်း၊ မီးဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ယနေ့နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စငေါအုပ်စု ပန်လျန်းကျေးရွာရှိ ပန်လျန်းဘုန်းတော်ကြီးကျောင်းဆရာတော်အား သွားရောက်ဖူးမြော်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)မှ တာဝန်ရှိသူများသည် စငေါကျေးရွာအုပ်စု ပန်လျန်းဘုန်းတော်ကြီးကျောင်းဆရာတော် ဦးစန္ဒေဘာသနှင့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုနှင့် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မီးလောင်ပျက်စီးခဲ့သည့် ပန်လျန်းဘုန်းတော်ကြီးကျောင်းပြန်လည်ဆောက်လုပ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၅၀ နှင့် ဖက်ရမ်းကျေးရွာအုပ်စု ပုံးအယ်ကျေးရွာဘုန်းတော်ကြီးကျောင်း ပြန်လည်ဆောက်လုပ်နိုင်ရန် ငွေကျပ်သိန်း ၅၀ တို့ကို ကျောင်းထိုင်ဆရာတော်များထံသို့ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မီးလောင်ပျက်စီးခဲ့သည့် ပန်လျန်းကျေးရွာနှင့် နမ့်ဟူးကျေးရွာရှိ မီးဘေးသင့်ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး နေအိမ်ပြန်လည်တည်ဆောက်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးသို့ရောက်ရှိပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသ/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံရာ ဆီဆိုင်မြို့ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တင်ပြဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

---

နေပြည်တော် မေ ၅

# အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ရှိ အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်) သို့ရောက်ရှိပြီး ချည်များ အထည်ရက်လုပ်ခြင်းနှင့် ဆေးဆိုးပန်းရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်၊ ရှိုးရာရက်ကန်းစင်ဖြင့် အထည်များရက်လုပ်နေမှု၊ ဝါကြိတ်စက်များနှင့် ကုန်ချော၊ ကုန်ကြမ်းသိုလှောင်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး စက်ရုံရှိ ဝါကြိတ်စက်များ၊ ချည်ထုတ်လုပ်သည့်စက်များ၊ အထည်ရက်လုပ်ခြင်း၊ ဆေးဆိုးပန်းရိုက်ခြင်း စသည့်လုပ်ငန်းများကို စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ ဝါဂွမ်းမှ အထည်အလိပ်ဖြစ်သည်အထိ ဆောင်ရွက်ရသည့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် ပါဝင်ဆောင်ရွက်နေသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိ၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် အလေးထားစီမံဆောင်ရွက်ရန်၊ ပြည်တွင်းမှထွက်ရှိသည့်ဝါများကို ပြည်ပသို့တိုက်ရိုက်တင်ပို့ခြင်းထက် ဝါကြိတ်စက်များဖြင့် ကြိတ်ခွဲပြီး ဝါဂွမ်းမှချည်မျှင်များ ထုတ်လုပ်တင်ပို့လျှင် ပိုမိုအကျိုးအမြတ်ရရှိမည်ဖြစ်၍ ကြိုးစားဆောင်ရွက်ရန်နှင့် ထုတ်ကုန်အရည်အသွေး ကောင်းမွန်ရန်အတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်တွင် စစ်ဆေးရမည့်နေရာများ သတ်မှတ်၍ စစ်ဆေးဆောင်ရွက်ရန်၊ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော စက်အရန်ပစ္စည်းများနှင့် ကုန်ကြမ်းများကို အချိန်မီရရှိအောင် စီမံဆောင်ရွက်ပေးရန်၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ကျွမ်းကျင်မှုများကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးစီမံဆောင်ရွက်ရန်၊ အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်)သည် ကောင်းမွန်သည့် အစဉ်အလာများရှိပြီးဖြစ်၍ စက်ရုံတိုးတက်အောင်မြင်စေရေးအတွက် တွေ့ကြုံရမည့် စိန်ခေါ်မှုများကို စုပေါင်းအားဖြင့် ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်တွင်းကြီးမြို့ရှိ ဝါကြိတ်စက်ရုံ (တောင်တွင်းကြီး)သို့ ရောက်ရှိပြီး စက်များစမ်းသပ်လည်ပတ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယခုနှစ် ဝါရာသီတွင် အပြည့်အဝကြိတ်ခွဲနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊ လိုအပ်မည့် စက်အရန်ပစ္စည်းများကို ဝယ်ယူဖြည့်ဆည်းထားရန်နှင့် ဝါကြိတ်စက်များကို တစ်ပတ်လျှင်တစ်ကြိမ်ဝန်မဲ့စမ်းသပ်လည်ပတ်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

နေပြည်တော် မေ ၅

# ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဧပြီလ ၂၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ပြည်ခရိုင် ပြည်မြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၉ ခုမှ ပြည်သူ ၃၀၄ ဦး၊ ပေါက်ခေါင်းမြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၅၈ ခုမှ ပြည်သူ ၃၇၂ ဦး စုစုပေါင်း ၆၇၆ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေးလေ့လာကြသည်။

ဦးစွာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့်ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့်အကြံပြုချက်များ ပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



ဆီဆိုင် မေ ၅

# ဆီဆိုင်မြို့တွင် ပြန်လည်ဝင်ရောက်နေထိုင်သည့်ဒေသခံပြည်သူများအား ရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ကို ဇန်နဝါရီလအတွင်း အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံ၊ ဈေး၊ နေအိမ်များ၊ ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးခဲ့ကြပြီး ဒေသခံပြည်သူများ ဘေးလွတ်ရာနေရာသို့ တိမ်းရှောင်ခဲ့ကြရသည်။



ယခုလက်ရှိအချိန်တွင် ဒေသခံပြည်သူများပြန်လည်ဝင်ရောက်နေထိုင်ပြီးဖြစ်၍ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် သောက်သုံးရေလိုအပ်သော ဘုန်းတော်ကြီးကျောင်းနှင့် မြို့ပေါ်ရပ်ကွက်များတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များက ရေယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။ အဆိုပါသောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရန်အတွက် ယာယီရေသိုလှောင်ကန်တွင် ရေသိုလှောင်ထားရှိပြီး ဒေသခံပြည်သူများ လာရောက်အသုံးပြုနိုင်ကြောင်းနှင့် ရေလိုအပ်သည့်နေရာများအထိ အိမ်တိုင်ရာရောက် ရေယာဉ်ဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကျောက်ဆည် မေ ၅

# ကျောက်ဆည်မြို့နယ် ညွန့်ပင်ကျေးရွာတွင် ခရမ်းချဉ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ညွန့်ပင်ကျေးရွာတွင် စိုက်ပျိုးထားသော ခရမ်းချဉ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ညွန့်ပင်ကျေးရွာမှ တောင်သူ ဦးဇော်ဝင်းကပြောသည်။

ကျောက်ဆည်မြို့နယ်တွင် ပံတံဆိပ် ခရမ်းချဉ်သီးမျိုးများ အဓိကထားစိုက်ပျိုးကြကြောင်း၊ ခရမ်းချဉ်မျိုးနှစ်ထုပ် စိုက်ပျိုးပါကငွေကျပ် ၁၂ သိန်းခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး ၄၅ ရက်တွင် အသီးများ စတင်ခူးဆွတ်ရကြောင်း၊ အသီးစတင်ခူးဆွတ်ရာတွင် ပိဿာချိန်နည်းသော်လည်း အသီးလှိုင်ချိန်တွင် တစ်ခါခူးဆွတ်ပါက ပိဿာချိန် ၁၅၀ အထိ ခူးဆွတ်ရကြောင်း၊ နှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရသဖြင့် နေ့စဉ်နီးပါးဝင်ငွေရကြောင်း သိရသည်။

ပံတံဆိပ် ခရမ်းချဉ်မျိုးသည် တိုင်ထောင်စိုက်ပျိုးရပြီး အခွံထူ၍အထားခံသည့်မျိုးဖြစ်ကြောင်းနှင့် စိုက်ပျိုးမည်ဆိုပါက ဦးစွာ သဘာဝမြေသြဇာဖြစ်သည့် နွားချေး၊ ကွန်ပေါင်းခတ်မြေသြဇာများနှင့် မြေပြုပြင်ထားရကြောင်း၊ ရေသွင်းရေထုတ်ကောင်းမွန်စေရန်အတွက် မြေပေါင်များပြုလုပ်၍ ရေအလေအလွင့်နည်းပါးစေရန်နှင့် ပေါင်းမြက်များပေါက်ရောက်မှုသက်သာစေရန်အတွက် ပလတ်စတစ်အပါးစများခင်း၍ စိုက်ပျိုးပါက အပင်ဖြစ်ထွန်းမှုကောင်းပြီး အသီးထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၅-၂၀၂၄(တနင်္လာနေ့)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁။ | ၆း၀၂ | နိုင်ငံတော်သီချင်း | ၉။ | ၈း၂၀ | ရွှေဟောင်းသုတ | ၁၄။ | ၁၉း၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း** |
| ၂။ | ၆း၀၃ | တရားတော် | ၁၀။ | ၈း၂၅ | သီချင်းလက်ဆောင် | | | **- ငါသူတစ်ပါးယောကျ်ားမိန်းမ** |
| ၃။ | ၇း၁၆ | မေတ္တာပို့ | ၁၁။ | ၈း၄၅ | ဟန်ချက်ညီညီ | | | **အပိုင်း (၁)** |
| ၄။ | ၇း၂၀ | ဓမ္မပူဇာတေး | | | နိုင်ငံတော်သစ်ဆီ | ၁၅။ | **ည၈နာရီသတင်းအပြီး** | နိုင်ငံတကာသတင်း |
| ၅။ | ၇း၃၅ | မျိုးချစ်တပ်မတော် | ၁၂။ | ၁၀း၁၅ | စာဆိုစစ်သည် | ၁၆။ | | မိုးလေဝသသတင်း |
| ၆။ | ၇း၄၅ | မြန်မာ့ရှုခင်း | | | ကလောင်ရှင်များ | ၁၇။ | | Liked |
| ၇။ | ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | ၁၃။ | ၁၁း၄၅ | သာယာသီကြွေး | ၁၈။ | | မှတ်တမ်း |
| ၈။ | ၈း၀၅ | အမျိုးသားရေးတေးကဗျာ | | | ခေတ်ဆန်းတေး | ၁၉။ | | တရားတော် |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အကြိုဆီးချိုအတွက် ဆေးသောက်ဖို့လိုအပ်ပါသလား

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွေးချိုဆီးချိုရောဂါဖြစ်ပွားမှု လျင်မြန်စွာတိုးတက်များပြားလာသကဲ့သို့ အကြိုဆီးချိုရောဂါဖြစ်ပွားမှုသည်လည်း တိုးမြင့်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ သုတေသနစာတမ်း (WHO STEP Survey) ၏ အစီရင်ခံစာအရ အသက်၂၅ နှစ်မှ ၆၅ နှစ်အရွယ်အတွင်း သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုမှာ လူ ၁၀ ဦးတွင် တစ်ဦးရှိပြီး အကြိုဆီးချိုရောဂါဖြစ်ပွားမှုမှာ ငါးဦးတွင် တစ်ဦးရှိခဲ့ပါသည်။ ယနေ့ခေတ် သုတေသနပြုလေ့လာတွေ့ရှိချက်များအရ လူတိုင်း သွေးချိုဆီးချိုရောဂါဖြစ်နိုင်သဖြင့် မဖြစ်ခင်ကြိုတင်ကာကွယ်နိုင်ကြောင်းကို လူတိုင်းသိရှိနိုင်စေရန် တင်ပြလိုပါသည်။

သွေးချိုဆီးချိုရောဂါကုသသောပါရဂူများ နေ့စဉ်ဖြေကြားနေရသော မေးခွန်းတစ်ခုမှာ **အကြိုဆီးချိုအတွက် ဆေးသောက်ဖို့လိုအပ်ပါသလား** ဖြစ်ပါသည်။

**အကြိုဆီးချို (ခေါ်) ကနဦးဆီးချို (Pre-Diabetes) ဆိုသည်မှာ** လူတစ်ဦး၏ သွေးတွင်းသကြားဓာတ်ပမာဏသည် ပုံမှန်ရှိသင့်သည်ထက်များနေသော်လည်း သွေးချိုဆီးချိုရောဂါဟုသတ်မှတ်နိုင်သည့် ပမာဏထက် နည်းနေသေးသည့်အခြေအနေတစ်ခုဖြစ်သည်။

သွေးချိုဆီးချိုရောဂါရှာဖွေရေးစမ်းသပ်မှုနှင့်ပတ်သက်၍ နိုင်ငံတကာကျွမ်းကျင်သူများကော်မတီ၏အစီရင်ခံစာအရ အမေရိကန်သွေးချိုဆီးချိုရောဂါအသင်း၏သတ်မှတ်ချက်မှာ ဖော်ပြပါအတိုင်း တစ်ခုခုရှိရပါမည်။

**သွေးချိုဆီးချိုရောဂါ (Diabetes Mellitus) သတ်မှတ်ချက်**

၁။ HbA1c ≥ ၆ . ၅%

(သို့မဟုတ်)

၂။ မနက်စောစော အစာမစားခင် သွေးတွင်းသကြားဓာတ်(အနည်းဆုံး ၈ နာရီ ကယ်လိုရီ စားသုံးမှုမရှိဘဲစစ်သောအဖြေ) ≥ ၁၂၆ mg%

(သို့မဟုတ်)

၃။ အစာစားပြီး ၂နာရီ အကြာ သွေးတွင်းသကြားဓာတ် (75g OGTT) ≥ ၂၀၀ mg% ဖြစ်ပါသည်။

**အကြိုဆီးချို (ခေါ်) ကနဦးဆီးချို (Pre-Diabetes) သတ်မှတ်ချက်**

၁။ HbA1c ၅ . ၇ - ၆ . ၄%

(သို့မဟုတ်)

၂။ မနက်စောစော အစာမစားခင် သွေးတွင်းသကြားဓာတ် ၁၀၀-၁၂၅ mg%

(သို့မဟုတ်)

၃။ အစာစားပြီး ၂နာရီ အကြာသွေးတွင်းသကြားဓာတ် (75g OGTT) ၁၄၀ - ၁၉၉ mg%

**သွေးချိုဆီးချိုရောဂါနှင့် အကြိုဆီးချိုရောဂါဖြစ်နိုင်ခြေရှိသူများ**

၁။ မိသားစုရာဇဝင်တွင် အကြိုဆီးချိုနှင့် အမျိုးအစား (၂) သွေးချိုဆီးချိုရောဂါရှိသူများ၊

၂။ ကိုယ်ဝန်ဆောင်ဆီးချိုရောဂါဖြစ်ဖူးသူများ၊

၃။ ကျန်းမာရေးနှင့် မညီညွတ်သောစားသောက်မှုပုံစံများ၊

၄။ ကိုယ်လက်လှုပ်ရှားမှုနည်းသူများနှင့် အထိုင်များသူများ၊

၅။ ဆေးလိပ်သောက်သူများ၊

၆။ အိပ်ရေးပျက်သူများ၊

၇။ သွေးတွင်းသကြားဓာတ်များခြင်းကိုဖြစ်စေနိုင်သော ဆေးဝါး (Steroid၊ Thiazide၊ Statin၊ ကင်ဆာရောဂါကုသဆေး၊ စိတ်ရောဂါကုသဆေး၊ HIVရောဂါကုသဆေး) များကို ရေရှည်သောက်နေရသူများ၊




**အကြိုဆီးချို၏အရေးပါမှု**

အကြိုဆီးချိုရောဂါရှိသူများ၏ ၅၀%သည် ထိရောက်သောကာကွယ်ကုသမှုများမပြုလုပ်လျှင် ငါးနှစ်အတွင်း အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေရှိပါသည်။ နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့် သွေးချိုဆီးချိုရောဂါ၏နောက်ဆက်တွဲအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည်။ ကိုယ်ဝန်မဆောင်ခင် အကြိုဆီးချိုရောဂါရှိသော အမျိုးသမီးများတွင် ကိုယ်ဝန်ဆောင်ဆီးချိုရောဂါဖြစ်နိုင်ခြေပိုများပါသည်။ ထို့ပြင် ကိုယ်ဝန်ဆောင်ဆီးချိုရောဂါရှိသူ မိခင်များမှမွေးဖွားသော ကလေးများသည် အနာဂတ်တွင် အကြိုဆီးချိုနှင့် အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေပိုများပါသည်။

**သွေးချိုဆီးချိုရောဂါနှင့် အကြိုဆီးချိုရောဂါရှိ၊ မရှိ စစ်ဆေးသင့်သူများ**

အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါကာကွယ်ရေးအတွက် အရွယ်ရောက်သူတိုင်း

၁။ ခန္ဓာကိုယ်အလေးချိန်ညွှန်းကိန်း (BMI) ၂၅ ကျော်လျှင် စစ်ဆေးသင့်သည်။

၂။ BMI ၂၃ နှင့်အထက်ရှိသူဖြစ်လျှင် သွေးချိုဆီးချိုရောဂါမျိုးရိုးရှိသူများ၊ နှလုံးသွေးကြောနှင့်ဆိုင်သောရောဂါရှိသူများ၊ သွေးတိုးရောဂါရှိသူများ၊ သွေးတွင်းအဆီဓာတ်များသူများ၊ ကိုယ်လက်လှုပ်ရှားမှုနည်းသူများ၊ သားဥအိမ်တွင်ရေအိတ်ရှိသူအမျိုးသမီးများ၊ ပန်ကရိယရောင်ရောဂါရှိသူများ၊ ခုခံအားကျဆင်းမှုရောဂါရှိသူများ၊ အင်ဆူလင်ခုခံမှုများသောသွင်ပြင်လက္ခဏာများဖြစ်သည့် လည်ပင်းတစ်ဝိုက်နှင့် ချိုင်းအရေပြားမည်းခြင်းတို့ရှိလျှင် အကြိုဆီးချိုရောဂါရှိ၊ မရှိ နှစ်စဉ်စစ်ဆေးသင့်ပါသည်။

၃။ အသက် ၃၅ နှစ်ကျော်လျှင် လူတိုင်းစစ်ဆေးသင့်ပါသည်။

၄။ ကိုယ်ဝန်ဆောင်ဆီးချိုရောဂါရှိဖူးသောအမျိုးသမီးများတွင် စစ်ဆေးသင့်ပါသည်။

၅။ ကိုယ်ဝန်ဆောင်ဆီးချိုရောဂါရှိသူမိခင်များမှ မွေးဖွားသောကလေးများ ပျိုဖော်ဝင်လျှင် (သို့မဟုတ်) အသက် ၁၀ နှစ်ကျော်လျှင် စစ်ဆေးသင့်ပါသည်။

**အကြိုဆီးချိုရောဂါကာကွယ်ကုသရန်နည်းလမ်းများ**

အကြိုဆီးချိုရောဂါမှ အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုကို ကာကွယ်ကုသရန် အကောင်းဆုံးနည်းလမ်းမှာ ကျန်းမာရေးနှင့်ညီညွတ်သောလူနေမှုပုံစံ ပြုပြင်ပြောင်းလဲခြင်းဖြစ်ပါသည်။ ကိုယ်လက်လှုပ်ရှားမှုပုံမှန်ပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော ကယ်လိုရီလျော့နည်းသည့်အစားအစာများစားသုံးခြင်းနှင့် ကိုယ်အလေးချိန်လျှော့ချခြင်းတို့ဖြင့် အမျိုးအစား (၂) သွေးချိုဆီးချိုရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့် လေဖြတ်ရောဂါတို့ကို ကာကွယ်နိုင်ပါသည်။

ခန္ဓာကိုယ်အလေးချိန်လျှော့ချရာတွင် ခြောက်လအတွင်း မူလကိုယ်အလေးချိန်၏ ၇ - ၁၀ ရာခိုင်နှုန်းလျှော့ချနိုင်လျှင် သွေးချိုဆီးချိုဖြစ်နိုင်ခြေအနည်းဆုံးဖြစ်ပြီး ကိုယ်အလေးချိန်ကို ဆက်လက်ထိန်းသိမ်းရန်လိုအပ်ပါသည်။ လမ်းလျှောက်ခြင်း၊ အလယ်အလတ်ပြင်းထန်သောအရှိန်ဗစ်လေ့ကျင့်ခန်းတစ်ပတ်လျှင် ၁၅၀-၃၀၀ မိနစ်ပြုလုပ်ခြင်း၊ အထိုင်များသောအပြုအမူကိုလျှော့ချရန် မိနစ် ၃၀ ထိုင်ပြီးတိုင်း လှုပ်ရှားမှုပြုလုပ်ခြင်းတို့ဖြင့် တစ်ပတ်လျှင် တစ်ပေါင်မှ နှစ်ပေါင်အထိ လျှော့ချနိုင်ပါက သုံးနှစ်အတွင်း သွေးချိုဆီးချိုဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ပါသည်။ သို့ဖြစ်၍ အကြိုဆီးချိုရောဂါဟုသတ်မှတ်သူများကို အမျိုးအစား (၂) သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုကိုစောင့်ကြည့်ရာတွင် လူတစ်ဦးချင်းစီ၏ရောဂါဖြစ်နိုင်ခြေရှိမှုအန္တရာယ်နှင့် ရောဂါကာကွယ်ထိန်းသိမ်းနိုင်မှုပေါ်မူတည်၍ အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်နှင့် လိုအပ်သလိုစမ်းသပ်စစ်ဆေးမှုများပြုလုပ်သင့်ပါသည်။

**အကြိုဆီးချိုရောဂါကုသရန် အသုံးပြုနိုင်သည့်ဆေးဝါးများ**

အကြိုဆီးချိုရောဂါရှိသူများတွင် အစားအသောက်နှင့် ကိုယ်လက်လှုပ်ရှားမှုတို့ဖြင့် ကိုယ်အလေးချိန်ထိန်းသိမ်းရန် ခက်ခဲသူများတွင် တချို့သောသွေးချိုဆီးချိုရောဂါကုသဆေးများ (Metformin၊ α-glucosidase inhibitor၊ Liraglutide၊ Semaglutide၊ Tirzepatide၊ Thiazolidinedione) နှင့် ကိုယ်အလေးချိန်လျော့ကျစေသောဆေးဝါးများ (Orlistat၊ Phentermine၊ Topiramate) ဖြင့်ကုသလျှင် အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေကို တားဆီးကာကွယ်နိုင်ပါသည်။

အထူးသဖြင့် အသက်၂၅ နှင့် ၅၉ နှစ်ကြား BMI ၃၅ နှင့်အထက်ရှိသူများ၊ မနက်စောစောအစာမစားခင် သွေးတွင်းသကြားဓာတ် ၁၁၀ mg% နှင့်အထက်ရှိသူများ၊ HbA1c ၆ နှင့် ကိုယ်ဝန်ဆောင်ဆီးချိုရောဂါရှိဖူးသူအမျိုးသမီးများ စသည့်သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေ အများဆုံးသူများတွင် Metformin သောက်ရန် ညွှန်ကြားနိုင်ပါသည်။ Metformin သည် ဈေးချိုသောသောက်ဆေးဖြစ်ပြီး ကိုယ်အလေးချိန်နှင့်သွေးတွင်းအဆီဓာတ်ကိုလျှော့ချပေးခြင်း၊ အင်ဆူလင်ခုခံမှုကို လျှော့ချပေးခြင်းတို့ကြောင့် သွေးတွင်းသကြားဓာတ်မြင့်တက်မှုကိုလျော့ကျစေပြီး သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေကို ၄၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ပါသည်။

**အကြံပြုချက်များ**

သွေးချိုဆီးချိုနှင့် အကြိုဆီးချိုရောဂါများမှကာကွယ်နိုင်ရန် ကျန်းမာရေးနှင့်ညီညွတ်စွာ ချင့်ချိန်စားသောက်ပါ။ အချိုကဲသောအစားအသောက်များကို ရှောင်ကြဉ်ပါ။ အဝမလွန်အောင် ကိုယ်အလေးချိန်ထိန်းပါ။ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ပါ။ လုံလောက်သောအိပ်စက်ချိန်ရှိရန် ဂရုပြုပါ။ ဆေးလိပ်၊ အရက်သောက်ခြင်းကိုရှောင်ကြဉ်ပါ။ စိတ်ဖိစီးမှုလျှော့ချပါ။ သွေးပေါင်ချိန်နှင့် သွေးတွင်းသကြားဓာတ်ကို ပုံမှန်စစ်ဆေးပါ။ သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေရှိသည်ဟုသံသယရှိလျှင် စောစီးစွာပြသစစ်ဆေးပြီး ကြိုတင်ကာကွယ်ကုသနိုင်ပါသည်။ သွေးချိုဆီးချိုဖြစ်လာခဲ့လျှင်လည်း စောစီးစွာစနစ်တကျကုသခြင်းဖြင့် နောက်ဆက်တွဲရောဂါအန္တရာယ်များမှကင်းဝေးပြီး သက်တမ်းစေ့နေနိုင်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

**ဒေါက်တာသီဂီကျော်**

---

ဘိုကလေး၊ စီးပွားရေး

## ဘိုကလေးမြို့နယ်မှ မွေးမြူထွက်ရှိသည့်ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ မွေးမြူထွက်ရှိသည့် ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သင်းသင်း၏ ပြောပြချက်အရ သိရသည်။

“ဘိုကလေးမြို့နယ်ကနေ မွေးမြူရေးငါးတန်နဲ့ မြစ်ငါးတန်တွေ ထွက်ရှိပါတယ်။ မြစ်ငါးတန်ကို သဘာဝအတိုင်းဖမ်းယူရရှိပါတယ်။ လက်ရှိ ငါးတန်နှစ်မျိုးစလုံး ဈေးကောင်းရနေပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ဒေသထွက်ငါးတန်တွေ ဝယ်လိုအားကောင်းလာပြီး ဈေးကောင်းရရှိနေပါတယ်။ မွေးမြူရေးလုပ်ငန်းရှင်တွေအနေနဲ့ ပထမအကြိမ်ငါးကန်ဖော်တုန်းက ဈေးကောင်းကောင်းမရခဲ့ပါဘူး။ ဧပြီလအတွင်းမှာ ငါးတန်ဈေးကောင်းရရှိလို့ အဆင်ပြေပါတယ်” ဟု ဒေါ်သင်းသင်းကပြောသည်။

ဘိုကလေးမြို့နယ်မှ ငါးတန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် မွေးမြူထွက်ရှိသည့်ငါးတန်များနှင့် မြစ်ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချကြောင်း၊ အဆိုပါငါးတန်များ ဈေးကောင်းရရှိလာခြင်းကြောင့် ငါးတန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများက ငါးတန်အကောင်ရေ တိုးချဲ့မွေးမြူရန် ပြင်ဆင်နေကြောင်း သိရသည်။

**သုတကျော်**

နေပြည်တော်    မေ    ၅

# သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေမှုရှိပြီး ရေရှည်တည်တံ့သော ဘက်စုံစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖွံ့ဖြိုးလာရေး အားပေးဆောင်ရွက်



သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိပြီး ရေရှည်တည်တံ့သော ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးလာရေး၊ တစ်ဇကေချင်း၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဘက်စုံကဏ္ဍစုံမှ အားပေးဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် နေပြည်တော် တပ်ကုန်းမြို့နယ်ဗိုလ်မင်းရောင်အုပ်စုရှိ စူပါနံ့ကောက် (RS-CS) မျိုးစေ့ထုတ်စိုက်ခင်း၌ ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတကာ၌ဖြစ်ပေါ်နေသော ကုန်စျေးနှုန်းနှင့်အတူ ဓာတ်မြေဩဇာနှင့် သွင်းအားစုစျေးနှုန်းများ ကြီးမြင့်လာလျက်ရှိရာ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှု မြင့်မားလာလျက်ရှိကြောင်း၊ တစ်ချိန်တည်းတွင် စိုက်ပျိုးထွက်ရှိလာသည့် သီးနှံများစျေးကောင်းရရှိနေခြင်း၊ စျေးကွက်ဝယ်လိုအားများ တိုးတက်နေခြင်းကလည်း တောင်သူလယ်သမားများအတွက် အခွင့်အလမ်းကောင်းအဖြစ်ရှိနေခြင်းကြောင့် သွင်းအားစုစရိတ်သက်သာစေမည့် နည်းလမ်းများလိုက်နာကျင့်သုံးရန်လိုကြောင်း၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်ကို ဆောင်ရွက်ခြင်းဖြင့် လယ်ယာဘေးထွက်ပစ္စည်းများမှ တိရစ္ဆာန်အစာ ဖြည့်ဆည်းပေးနိုင်မှုနှင့် တိရစ္ဆာန်အညစ်အကြေးမှ သဘာဝမြေဩဇာအဖြစ် အသုံးပြုမှုများပါဝင်သည့် လှည့်ပတ်သုံးစွဲနည်းစနစ်အားအသုံးပြုပြီး တောင်သူများဝင်ငွေတိုးပွားရေး ကြိုးပမ်းလုပ်ကိုင်နိုင်မှုအခွင့်အလမ်းများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေမှုများ၊ နေပြည်တော်ကောင်စီနယ်မြေ၏ သီးထပ်စွမ်းအားမြှင့်တင်ရေးနှင့် ပန်းတိုင်အထွက်ရရှိရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက တောင်သူများကို သဘာဝမြေဩဇာများ ထောက်ပံ့ပေးအပ်ပြီး စူပါနံ့ကောက်မျိုးစေ့ထုတ်စိုက်ခင်းနှင့် သဘာဝမြေဩဇာမြေဆွေးထုတ်လုပ်သုံးစွဲနေမှု၊ နို့စားနွား၊ ကျွဲနှင့်ဘဲများမွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာရှိ ပုဂ္ဂလိကငါးမွေးမြူရေးလုပ်ငန်း၏ ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမ၊ ငွေရောင်ငါးကြင်း၊ ငါးကြင်းဖြူနှင့် မြက်စားငါးကြင်းကောင်ရေ ၈၆၀၀၀ ရောနှောမွေးမြူထားရှိမှု၊ ငါးသားပေါက်များ ဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပုဂ္ဂလိက ငါးမွေးမြူရေးလုပ်ငန်းရှင်များကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသော မွေးမြူထုတ်လုပ်မှုဖြစ်စေရန်၊ အစားအစာဘေးအန္တရာယ်ကင်းစင်မှု စံချိန်စံညွှန်းများ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် အော်ဂဲနစ်စိုက်ပျိုးရေးခြံသို့ရောက်ရှိပြီး စားသုံးသူများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံများ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှု၊ တောင်သူများအား အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာများနှင့် ရင်းနှီးလာစေရန် နည်းပညာဖြန့်ဝေပေးနေမှု၊ သီးနှံသစ်တောရောနှောစိုက်ခင်းအဖြစ် ပျဉ်းကတိုး၊ သဒီ၊ မဒမ၊ မလွှ၊ ဒီးဒူး၊ ပုန်းမဲစာ၊ ရုံးပင်၊ သဖန်း၊ ကတွတ် စသောဒေသပေါက် သစ်ပင်များနှင့် ဝါးပင်များကြားတွင် ငှက်ပျော၊ စွန်ပလွံ၊ ဆူးပုပ်၊ ကင်ပွန်းချဉ်ပင်များရောနှောစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကိုဖြည့်စွက်မှာကြားခဲ့ကြောင်းသိရသည်။**(သတင်းစဉ်)**

---

နေပြည်တော်    မေ    ၅

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အား ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ကြည့်ရှုစစ်ဆေး



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများသည် ယနေ့တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သို့ရောက်ရှိစစ်ဆေးရာ တာဝန်ခံအရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးစန်းလှိုင်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၏ ဝင်ငွေရရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် တင်ဒါလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) တွင် ဝင်ငွေပိုမိုရရှိရေးအတွက် ဝန်ထမ်းများအားလုံးကြိုးစားဆောင်ရွက်ကြရန်နှင့် တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)၊ (၇/၂၀၂၀)၊ (၁/၂၀၂၂)တို့နှင့်အညီ စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်၊ လုပ်ငန်းများသတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဘာဂီယာဉ်အဟောင်းများကို Right Out လုပ်နိုင်ရန်နှင့် အချို့ယာဉ်အဟောင်းများ ပြန်လည်ပြင်ဆင်အသုံးပြုနိုင်ရန်၊ ပြန်လည်တင်ပြနိုင်ရေးဆောင်ရွက်ရန် မှာကြားပြီး ရေလွှာလျှောစီးဆောင်ရွက်ထားရှိသည့်နေရာတွင် ဧည့်သည်တော်များ ဝင်ရောက်ကစားနေသည့် အခြေအနေ၊ ဝက်ပါပတ်လမ်း ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် သီးပင်စားပင်များ စိုက်ပျိုးနိုင်မည့် မြေနေရာနှင့် ဆိပ်ခံဇောတံတားတည်ဆောက်ထားရှိသည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

ရန်ကုန်    မေ    ၅

# ရေပေးဝေမှု၊ ဓာတ်အားဖြန့်ဖြူးပေးမှုနှင့် ထရန်စဖော်မာများတိုးချဲ့တည်ဆောက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ယမန်နေ့ နံနက်ပိုင်းက ရုံးချုပ်မှ တာဝန်ရှိသူများ၊ အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ၊ အင်ဂျင်နီယာတို့နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြို့နယ်လေးမြို့နယ်ရှိ လျှပ်စစ်မန်နေဂျာရုံးများသို့သွားရောက်၍ ရေပေးဝေမှု၊ ဓာတ်အားဖြန့်ဖြူးပေးမှုအခြေအနေများနှင့် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်း ဝန်အားပြည့်နေသည့် ထရန်စဖော်မာများနေရာတွင် ဝန်အားမျှနိုင်ရန်အတွက် ထရန်စဖော်မာအသစ်များ ထပ်မံတိုးချဲ့တည်ဆောက်ရန် မြေနေရာလျာထားမှု၊ ၃၃ ကေဗွီ ချမ်းသာရွှေပြည် ဓာတ်အားခွဲရုံတွင် ၃၃/၁၁ ကေဗွီ ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်ရန်နှင့် ရပ်ကွက်များအတွင်း ဓာတ်အားလိုအပ်ချက်အပေါ်မူတည်၍ ထရန်စဖော်မာအသစ်များ ထပ်မံတိုးချဲ့တည်ဆောက်ရန် မှာကြားသည်။

ဆက်လက်၍ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ရောက်ရှိပြီး မြို့နယ်တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ အမှတ်(၁)ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများ၊ ယုဇနဥယျာဉ်မြို့တော်အိမ်ရာ ရေပေးဝေမှုအခြေအနေများ၊ ယုဇနတန်ဖိုးနည်းအိမ်ရာ အပိုင်း(၃)တွင် ဓာတ်အားဖြန့်ဖြူးမှုအခြေအနေများနှင့် ဝန်အားပိုမိုနေပြီး ဆက်လက်ဓာတ်အားဖြန့်ဖြူးပေးနေသည့် ထရန်စဖော်မာနေရာများကိုကြည့်ရှုပြီး ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများ လောင်ကျွမ်းမှုမရှိစေရေး၊ ထရန်စဖော်မာများ ထပ်မံတိုးချဲ့တည်ဆောက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ AMI မီတာများ ရာနှုန်းပြည့်ဖတ်ရှုနိုင်ရန်ဆောင်ရွက်ရေး၊ စက်မှုဇုန်များသတ်မှတ်ထားသည့်အချိန်ဓာတ်အားအပြည့်အဝရရှိရေး၊ အုပ်စုအလှည့်ကျဓာတ်အားပေးမှုများ မှန်ကန်စေရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က အမြဲမပြတ်စိစစ်ကြပ်မတ်ရန်မှာကြားသည်။

ယင်းနောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၆၆ ကေဗွီ ကုန်ပဒေသာဓာတ်အားခွဲရုံသို့သွားရောက်၍ ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေ၊ ဖီဒါများအလိုက် ဝန်အားနိုင်နင်းမှုရှိ/မရှိ အခြေအနေ၊ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ ခွဲရုံအတွင်း၊ အပြင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များတွင် လျှပ်စစ်မီးပေးဝေသော သတ်မှတ်အချိန်အတွင်း လျှပ်စစ်မီးအပြည့်အဝ မရရှိခြင်း၊ ဂျိုးဖြူရေကို အားပြုသုံးစွဲနေရသည့်အိမ်ရာများ၌ ရေပြတ်တောက်မှုများလာခြင်းတို့ကို ဧပြီလနှင့်မေလတို့တွင် ကြုံတွေ့ရလျက်ရှိရာ ဆည်များ၌ ရေပြည့်ဝစွာမရရှိခြင်းကြောင့် ယခင်သိုလှောင်စုဆောင်းထားရှိသည့် ရေများအား ချိန်ညှိ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရခြင်း၊ သဘာဝဓာတ်ငွေ့ရရှိမှုအပေါ်တပ်ဆင်ထားသောစက်များ၏ စွမ်းအားပြည့်လည်ပတ်နိုင်မှုမရှိခြင်းတို့ကြောင့် ယခုကာလတွင် လိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်ပေးနိုင်လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ** – YESC

**သစ္စာ**(mna)

# (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့တွင် ဆုအသီးသီးရရှိကြသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများ

**(၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေလ ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့တွင် ဆုအသီးသီးရရှိကြသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ရေးသားဖော်ပြလိုက်ရပါသည်-**

**တပ်ခွဲမှူး ဦးသိန်းတန်**



အဘကတော့ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံအရန်မီးသတ်စခန်းရဲ့ စခန်းတာဝန်ခံ တပ်ခွဲမှူး ဦးသိန်းတန်ဖြစ်ပါတယ်။ အခု အဘအသက်က ၇၅ နှစ်ရှိပါပြီ။ ၁၈ နှစ်သားကတည်းက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်အဖြစ် တရားဝင်ဖြစ်လာခဲ့တာဆိုတော့ အခုဆိုရင် လုပ်သက်အနှစ် ၅၀ ကျော်သွားပြီဖြစ်ပါတယ်။ အဘအနေနဲ့ အထူးသဖြင့် အဘစခန်းတာဝန်ခံအဖြစ် ထမ်းဆောင်နေတဲ့ ဒီဥက္ကံအရန်မီးသတ်စခန်းက အခုလို (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့မှာ မြန်မာနိုင်ငံအတွင်း မီးဘေးလုံခြုံရေးလုပ်ငန်းများအား သက်တမ်းအကြာဆုံးဆောင်ရွက်ခဲ့တဲ့ အရန်မီးသတ်စခန်းဆုကိုရရှိခဲ့တဲ့အတွက် ဒီစခန်းမှာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့သူများအတွက်လည်း အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ယခုလိုဂုဏ်ပြုဆုချီးမြှင့်ပေးတဲ့ နိုင်ငံတော်အကြီးအကဲများကို အထူးပင်ကျေးဇူးတင်ပါတယ်။ အဘတို့ရဲ့ ဒီဥက္ကံအရန်မီးသတ်စခန်းဟာဆိုရင် ၁၉၃၇ ခုနှစ်မှ ယနေ့အချိန်အထိ စခန်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များရဲ့ နိုင်ငံတော်နှင့် မြို့အပေါ်ထားရှိသည့် မှန်ကန်သည့် စေတနာ၊ ဝါသနာ၊ အနစ်နာတို့ကို အရင်းခံပြီး ယနေ့ထိတိုင် တာဝန်ထမ်းဆောင်ခဲ့သည့်အတွက် အခုလို ဂုဏ်ပြုဆုကိုရရှိခြင်းဖြစ်ပါတယ်။

**လက်ထောက်မီးသတ်ဦးစီးမှူး(ငြိမ်း) ဦးမျိုးမင်း**

ကျွန်တော်ကတော့ လက်ထောက်မီးသတ်ဦးစီးမှူး(ငြိမ်း) ဦးမျိုးမင်း ဖြစ်ပါတယ်။ ၁၉၈၃ ခုနှစ်မှာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တွင် စတင်ဝင်ရောက်ပြီး တာဝန်ထမ်းဆောင်ခဲ့တာဖြစ်ပါတယ်။ အသက် ၆၀ ပြည့်မှာတော့ အငြိမ်းစားပါပါတယ်။ ကျွန်တော် မီးသတ်တပ်ဖွဲ့ထဲ မဝင်ခင်ကတည်းက လူမှုရေးလုပ်ငန်းတွေကို ဝါသနာပါတဲ့အတွက် လူမှုရေးအဖွဲ့အစည်းများနဲ့ချိတ်ဆက်ပြီး သွေးလှူဒါန်းခဲ့တာတွေရှိတယ်။ မီးသတ်တပ်ဖွဲ့ထဲဝင်ပြီးတဲ့အခါမှာလည်း ပိုပြီးလူမှုရေးလုပ်ငန်းလုပ်



သင့်တယ်ဆိုတဲ့အသိနဲ့ တောက်လျှောက်သွေးလှူဒါန်းခဲ့တာပေါ့နော်။ အခုဆိုရင်တော့ သွေးလှူခဲ့တဲ့ အကြိမ်အရေအတွက်ဟာဆိုရင် ၁၂၆ ကြိမ်ရှိပြီဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော့်ရဲ့ မိခင်မီးသတ်တပ်ဖွဲ့ကြီးကို ကျေးဇူးဆပ်တဲ့အနေနဲ့ သားသမီးတွေကိုရော၊ မြေးတွေရောအပါအဝင် စုစုပေါင်း ကိုးယောက်ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ထဲမှာ တာဝန်ထမ်းဆောင်စေခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တွင် လုပ်သက် ၃၇ နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သွေးလှူဒါန်းမှုအကြိမ် ၁၂၆ ကြိမ်ဖြင့် လူမှုထူးချွန် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ဆုတံဆိပ်များလည်းရရှိခဲ့ပါတယ်။ အခုလို ကျွန်တော့်ကို တခမ်းတနားကျင်းပတဲ့ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့မှာ မိခင်မီးသတ်တပ်ဖွဲ့နဲ့ ကိုယ့်ရဲ့မိဘလူကြီးတွေက ဖိတ်ကြားပြီး ဂုဏ်ပြုဆုချီးမြှင့်ပေးတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာမိပါတယ်။

**တပ်ကြပ်ကြီး ထွန်းနေဝင်း**

ကျွန်တော်ကတော့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်နေတဲ့ မီးသတ်တပ်ကြပ်ကြီး ထွန်းနေဝင်းပဲဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်ကတော့ စင်ကာပူနိုင်ငံမှာကျင်းပတဲ့ Singapore Global Firefighters & Paramedics Challenge Braveheart တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲမှာ တတိယဆုကိုရရှိခဲ့သူလည်းဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးကိုဝင်ရောက်မယှဉ်ပြိုင်ခင်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာပဲ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေနဲ့ လူရွေးပွဲကိုပါဝင်ယှဉ်ပြိုင်ရာမှာ အရွေးခံရပါတယ်။ လူရွေးပွဲကတော့ အဆင့်သုံးဆင့်ရှိပါတယ်။ ဒီအဆင့်သုံးဆင့်ကိုဝင်ရောက်ယှဉ်ပြိုင်ပြီး အကောင်းဆုံး



စံချိန်ရရှိသူများကို မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ရွေးပြီးတော့မှ ကျွန်တော်တို့ကို ဒီစင်ကာပူနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်ရန် စေလွှတ်ခြင်းဖြစ်ပါတယ်။ အခုလို မီးသတ်တပ်ဖွဲ့ဂုဏ်၊ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အခုလို (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့မှာ ဂုဏ်ပြုဆုချီးမြှင့်ခံရတဲ့အတွက် အထူးပင်ဝမ်းသာပီတိဖြစ်ရပါတယ်ခင်ဗျာ။

**ဦးစီးအရာရှိ ဦးဟိန်းလင်းထက်**



ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှာ တာဝန်ထမ်းဆောင်နေတဲ့ ဦးစီးအရာရှိ ဦးဟိန်းလင်းထက်ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၂ ရက် ည ၉ နာရီခန့်မှာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သမိုင်းအုတ်ကျင်းဘူတာရုံလမ်းရှိ ရတနာဆု ကုမ္ပဏီပိုင်ရေခဲစက်မှ အမိုးနီးယားဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ပါတယ်။ ဒီလို အမိုးနီးယားဓာတ်ငွေ့ယိုစိမ့်တဲ့အတွက် ဒီပတ်ဝန်းကျင်မှာရှိတဲ့ ပြည်သူတွေဟာဆိုရင် အသက်ရှူခက်ခဲတာတွေ၊ မျက်လုံးတွေစပ်တာတွေဖြစ်နေတဲ့အချိန်မှာ ကျွန်တော်က ဒီအခင်းဖြစ်ပွားတဲ့နေရာ၊ ယိုစိမ့်မှုဖြစ်နေတဲ့ဧရိယာအတွင်းမှာရှိတဲ့ အမိုးနီးယား Tank များမှ Main Valve များအား အချိန်တိုအတွင်းမှာ အမြန်ဆုံးဝင်ရောက် ပိတ်နိုင်ခဲ့ပါတယ်။ ထိုသို့အချိန်မီပိတ်နိုင်ခဲ့တဲ့အတွက် အဲ့ဒီပတ်ဝန်းကျင်မှာရှိတဲ့ပြည်သူတွေခံစားနေရတာတွေကို အချိန်တိုအတွင်းမှာ သက်သာအောင်စွမ်းဆောင်နိုင်ခဲ့တဲ့အတွက် အခုလို စွမ်းဆောင်မှုဆိုင်ရာ ဆုတံဆိပ်ဖြစ်တဲ့ ရဲသူရိန်တံဆိပ်ကို ရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခုလိုစွမ်းဆောင်မှုဆိုင်ရာ ဆုတံဆိပ် ရဲသူရိန်တံဆိပ်ကိုချီးမြှင့်ခြင်းခံရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။

**လက်ထောက်မီးသတ်ဦးစီးမှူး ဒေါ်စန္ဒာသိန်း**

ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ်မှာ တာဝန်ထမ်းဆောင်နေတဲ့ လက်ထောက်မီးသတ်ဦးစီးမှူး ဒေါ်စန္ဒာသိန်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့တဲ့ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၀၇) မှာ သင်တန်းသူစံပြဆုရရှိခဲ့တဲ့အတွက် အခုလိုဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခြင်းခံရတာ ဖြစ်ပါတယ်။ အခုလိုကျွန်မကို (၇၈)နှစ်မြောက် မြန်မာနိုင်ငံ



မီးသတ်တပ်ဖွဲ့နေ့မှာ ဂုဏ်ပြုမှတ်တမ်းလွှာနဲ့ ဂုဏ်ပြုဆုငွေကို ပေးအပ်ချီးမြှင့်ပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ အတိုင်းမသိလည်း ဝမ်းသာမိပါတယ်ရှင့်။ ။

**ပြည့်စုံအောင်**
**(မြဝတီ)**

---

**ဟိုပန်း မေ ၅**

# ဟိုပန်မြို့နယ်အတွင်းရှိ ကျယ်ပန်ကျိုင်း-ကောင်းပျက်-အိုက်ကျော်ပါး ကျေးရွာချင်းဆက်လမ်း ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး



နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဟိုပန်မြို့နယ်အတွင်းရှိ ကျယ်ပန်ကျိုင်း-ကောင်းပျက်-အိုက်ကျော်ပါး ကျေးရွာချင်းဆက်လမ်း ၇ မိုင်အနက် ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆၅ ဒသမ ၂၆၅ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဟိုပန်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှသိရသည်။

အဆိုပါလမ်း ပြီးစီးမှုကြောင့် ဟိုပန်မြို့နယ်အတွင်းရှိ ပန်လုံမြို့နှင့် ကျေးရွာရှစ်ရွာမှဒေသခံများ၏ပညာရေး၊ ကျန်းမာရေးနှင့်လူမှုစီးပွားရေးကိစ္စရပ်များကို များစွာအထောက်အကူပြုလျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၉၈၇ ဒသမ ၄၈၃ သန်းဖြင့် မြေလမ်း ၂၈ မိုင်၊ အမာခံလမ်း ၅ မိုင်၊ ကျောက်လမ်း ၁၃ မိုင် ၂ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာ ၁ ဒသမ ၆ ဖာလုံ၊ ကွန်ကရစ်လမ်း ၆ ဒသမ ၇ ဖာလုံ၊ ကွန်ကရစ်တံတားတစ်စင်း၊ Box Culvert ၃၉ စင်း၊ ရေကျော် တစ်စင်း၊ ပညာရေးလုပ်ငန်း လေးခု၊ သာသနာရေးလုပ်ငန်းငါးခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း တစ်ခုနှင့် ဦးစီးဌာနလုပ်ငန်းငါးခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ၊ ပုလဲအတွဲပေါင်း ၁၉၇ တွဲရောင်းချနိုင်ခဲ့



**နေပြည်တော်  မေ  ၅**

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့်ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင်ရောင်းချသည့် ပုလဲအတွဲအမှတ် (၂၀၁) မှ အတွဲအမှတ် (၄၀၀) အထိ ပုလဲအတွဲများနှင့် ပြပွဲဒုတိယနေ့မှ ရောင်းချရန်ကျန်ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲများအတွက် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၉၇ တွဲရောင်းချရကြောင်း ကြေညာသည်။

ပြပွဲ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲ (၁) မှ (၁၆၀) အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှု၊ ရတနာကုန်သည်များက ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများ စိတ်ကြိုက်လေ့လာကြည့်ရှုနေမှုနှင့် ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များ ရောင်းချနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။



ယခုကျင်းပသည့် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေလ ၃ ရက်မှ ၁၂ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၅၅၀ တို့ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုး(မြဝတီ)**

# အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ကျင်းပသည့် အာရှနှင့် ပစိဖိတ်ဒေသခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ဒုတိယအကြိမ် ကွန်ဖရင့်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်

**နေပြည်တော်  မေ  ၅**

ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)နှင့် အင်ဒိုနီးရှားနိုင်ငံခရီးသွားလုပ်ငန်းနှင့်တီထွင်ဖန်တီးမှုရှိသော စီးပွားရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် အာရှနှင့်ပစိဖိတ်ဒေသ ခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ဒုတိယအကြိမ်ကွန်ဖရင့် (2nd UN Tourism Conference on the Empowerment of Women in Tourism in Asia and the Pacific)ကို မေလ ၂ ရက်မှ ၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ Nusa Dua Bali ရှိ Bali International Convention Center (BICC)၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ ကွန်ဖရင့်ကို "အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအနာဂတ်အား ဖော်ဆောင်ရာတွင် အမျိုးသမီး ဦးဆောင်သူများ၏ စွမ်းဆောင်ရည်များ" ("Woman-Led Initiatives Shaping The Future of Inclusive and Sustainable Tourism")ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ခရီးသွားလုပ်ငန်းကဏ္ဍတွင် အမျိုးသမီးများ ဦးဆောင်နိုင်မည့် အခွင့်အလမ်းနှင့် အစီအစဉ်များကို ရှာဖွေဖော်ထုတ်သွားရန် ရည်ရွယ်ကြောင်းသိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေလ ၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီလေဆိပ်သို့ ရောက်ရှိကြပြီး အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့်တီထွင်ဖန်တီးမှုရှိသော စီးပွားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မေလ ၂ ရက် နံနက်ပိုင်းတွင် Bali International Convention Center (BICC)၌ ကျင်းပသည့် "အာရှနှင့် ပစိဖိတ်ဒေသခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ဒုတိယအကြိမ်ကွန်ဖရင့်" သို့ တက်ရောက်သည်။

အဆိုပါကွန်ဖရင့်၏ ပထမနေ့ဖွင့်ပွဲအခမ်းအနားတွင် ဘာလီ၏ တာဝန်ခံမြို့တော်ဝန် Mr. Jrjen Mahendra Jaya ၊ အင်ဒိုနီးရှားနိုင်ငံ ခရီးသွားနှင့်တီထွင်ဖန်တီးမှုရှိသော စီးပွားရေးရာဌာန ဒုတိယဝန်ကြီး H.E. Ms. Angela Tanoesoedibjo ၊ မော်လဒိုက်နိုင်ငံ ခရီးသွားဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. Mariyam Nasheetha Nasheed နှင့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၊ အာရှနှင့်ပစိဖိတ်ဒေသ တာဝန်ခံညွှန်ကြားရေးမှူး Mr. Harry Hwang တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အမျိုးသမီးဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အင်ဒိုနီးရှားနိုင်ငံမှ ခရီးသွားနှင့်တီထွင်ဖန်တီးမှုရှိသော စီးပွားရေးရာဌာန ဒုတိယဝန်ကြီး H.E. Ms. Angela Tanoesoedibjo၊ လာအိုနိုင်ငံမှယဉ်ကျေးမှုနှင့်ခရီးသွားဌာန ဒုတိယဝန်ကြီး H.E. Ms. Darany Phommavongsa၊ မော်လဒိုက်နိုင်ငံမှ ခရီးသွားဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. Mariyam Nasheetha Nasheed နှင့် ဆာမိုအာနိုင်ငံမှ Smart Investments Ltd ညွှန်ကြားရေးမှူး Ms. Sonja Hunter တို့က ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသော အမျိုးသမီးများ၏ စွမ်းဆောင်ရည်များ၊ အောင်မြင်တိုးတက်မှုများနှင့် ကြုံတွေ့ရသည့် အခက်အခဲများအပေါ် ဆွေးနွေးပြောကြားခဲ့ကြသည်။




မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများက ဒေသတွင်းနိုင်ငံများ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် အမျိုးသမီးများ၏ဆောင်ရွက်ချက်များ၊ တီမောလက်စတေနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် ခရီးသွားလုပ်ငန်းပြန်လည်ထူထောင်ရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍများအကြောင်းကိုလည်းကောင်း၊ မကာအိုခရီးသွားဌာန၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့၏ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဩစတြေးလျနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် ပညာရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပညာရေးနှင့်လေ့ကျင့်သင်ကြားခြင်း၏ အမျိုးသမီးများ ခရီးသွားလုပ်ငန်းတွင် ပါဝင်မှုအပေါ် သက်ရောက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် တီထွင်ဖန်တီးမှုရှိသော စီးပွားရေးဝန်ကြီးဌာနမှ တည်ခင်းဧည့်ခံသည့် networking dinner သို့ တက်ရောက်သည်။

မေလ ၃ ရက် ကွန်ဖရင့် ဒုတိယနေ့တွင် ဩစတြေးလျနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ရှိ ပုဂ္ဂလိကခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၊ အာရှပစိဖိတ်ဒေသတွင်းဌာန ညှိနှိုင်းရေးမှူးတို့က ခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများ ဘေးကင်းလုံခြုံစွာ ပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး ကွန်ဖရင့်ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၊ အာရှနှင့်ပစိဖိတ်ဒေသ တာဝန်ခံညွှန်ကြားရေးမှူး Mr. Harry Hwangနှင့်အင်ဒိုနီးရှားနိုင်ငံ ခရီးသွားနှင့်တီထွင်ဖန်တီးမှုရှိသော စီးပွားရေးရာဌာန ဝန်ကြီး H.E. Mr. Sandiaga Uno တို့က နိဂုံးချုပ်အမှာစကားပြောကြားကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကွန်ဖရင့် ဒုတိယနေ့ ညနေပိုင်းတွင် ကာဗွန်ထုတ်လုပ်မှု လျှော့ချနိုင်ရေးအတွက် ရည်ရွယ်ကျင်းပသည့် ဒီရေတောပျိုးပင်စိုက်ပျိုးခြင်းအစီအစဉ်သို့ တက်ရောက်ပြီး ဒီရေတောပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မေလ ၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ အုဘုဒေသရှိ ARMA ပြတိုက်နေရာသို့ သွားရောက်ကာ ဘာလီရိုးရာယဉ်ကျေးမှုအက သင်ကြားနေမှုများ၊ လက်မှုပန်းပုလက်ရာများ၊ ရှေးခေတ်ပန်းချီဆရာကြီးများ၏ လက်ရာများနှင့် ရေဆေးဆီဆေးပန်းချီကားများ လက်တွေ့ရေးဆွဲဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေလ ၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့မှ ပြန်လည်ထွက်ခွာကြရာ မေလ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူမှုစီးပွားမြင့်မားဖို့ တိုင်းရင်းကြက်ကိုမွေးကြစို့

## အာကာမောင်မောင်

ဒီနှစ်သကြန်တွင်းမှာတော့ မရောက်တာကြာပြီဖြစ်တဲ့မွေးရပ်မြေကိုပြန်လည်ရောက်ရှိခဲ့ပါတယ်။ ကျွန်တော်တို့မှာ ညီအစ်ကိုမောင်နှမ ငါးယောက်ရှိပါတယ်။ ငါးယောက်လုံးက အနည်းဆုံးအခြေခံပညာအထက်တန်းအဆင့်အထိ တက်ရောက်ခဲ့ကြပါတယ်။ အခုအခါမှာတော့ တစ်ယောက်တစ်နယ်စီမှာနေကြပါတယ်။ ရွာမှာကတော့ အကြီးဆုံးအစ်မကြီးနဲ့ သူ့မိသားစုတွေပဲရှိပါတော့တယ်။ မတွေ့မမြင်တာကြာပြီဖြစ်လို့ မောင်နှမနှစ်ယောက် စကားတွေပြောမကုန်နိုင်အောင်ပါပဲ။

ထမင်းစားချိန်ရောက်တဲ့အခါတော့ တူမဖြစ်သူကထမင်းပွဲအားလုံးပြင်ပေးထားပြီးလက်ဆေးစားရုံပါပဲ။ ဧည့်သည်လာတယ်ဆိုတော့လည်း တောသဘာဝအရ ဟင်းကောင်းထမင်းကောင်းတွေချက်ကျွေးကြတာပေါ့။ ဧရာဝတီတိုင်းသားဆိုတော့ ဆန်ကတော့ ပြောစရာမရှိလောက်၊ မွှေးပျံ့သင်းကော့လန်နေတာပါပဲ။ ဟင်းချက်ထားတာကျတော့ ကြက်သားဟင်းဆီပြန်၊ အတို့အမြုပ်ကလည်းစုံလင်စွာပါပဲ။ မြို့တွေမှာမရှိနိုင်တဲ့ ဒေသကြက်ကိုချက်ထားတာမို့ ဟင်းကလည်းကောင်းမှကောင်းပါပဲ။ ကျွန်တော်တို့ကတော့ အိမ်မွေးကြက်လို့ပဲခေါ်ပေမယ့် မြို့မှာတော့ ဗမာကြက်လို့ခေါ်ကြပါတယ်။

မိဘတွေရှိစဉ်တုန်းက ကျွန်တော်တို့ကိုကျောင်းထားခဲ့တာ. . . တကယ်တော့ ဒီလိုမျိုးကြက်တွေ၊ ဝက်တွေမွေးမြူပြီးရတဲ့ငွေကြေးနဲ့ မောင်နှမတစ်တွေကိုကျောင်းထားခဲ့တာပါ။ ကြက်မကြီးတစ်အုပ်၊ တစ်အုပ်ပေါက်လိုက်ဆိုရင် ပေါက်ပွားလာတဲ့ကြက်ကလေးတွေအများကြီးပါပဲ။ အုပ်ဆောင်းတွေနဲ့အုပ်ထားပြီး အရွယ်ရောက်လာတော့မှ အုပ်ဆောင်းကနေလွှတ်ပေးလိုက်တာပါ။ ခြံဝင်းကလည်းကျယ်တော့ အဲဒီကြက်ကလေးတွေ ခြံထဲမှာ ပြေးလွှားလှုပ်ရှားရင်း အစာဆာတဲ့အချိန်ဆိုဆန်ကွဲတွေကို မြေကြီးပေါ် မှာကြဲပက်ကျွေးရပါတယ်။

အဲဒီကြက်ကလေးတွေ အလေးချိန် ၅၀ သားကျော်ကျော်လောက်ရှိပြီဆိုရင် ကြက်ဝယ်တဲ့သူလာရင် ရောင်းရပါတယ်။ ဝယ်တဲ့သူတွေက ကြက်ရင်ပုံအောက်မှာရှိတဲ့အရိုးနုလေး ဒါမှမဟုတ် ကြက်အတက်က ပြောင်းဖူးစေ့အရွယ်ဆိုရင် ဈေးကောင်းရပါတယ်။ ကြက်ကအရမ်းကြီးလွန်းရင်လည်း ဈေးကောင်းမရပါဘူး။ ဝယ်သူတွေသိပ်မကြိုက်ကြပါဘူး။ အိမ်မှာက ဆန်ကွဲကလည်း ကောင်း၊ ရေကလည်းသန့်တော့ ကြက်တွေ ဖြစ်ထွန်းပါတယ်။ အဲ့အချိန်တုန်းကတော့ ကြက်ဥတွေရောင်းတာနည်းပါတယ်။ ကြက်ဥကနေအကောင်ဖောက်လိုက်တာများပါတယ်။ ဒါ့ကြောင့်လည်း ကျွန်တော်တို့အိမ်မှာကြက်တွေအများကြီးမွေးခဲ့တာဖြစ်ပါတယ်။

သားသမီးတွေကိုပညာတတ်အောင်သင်ပေးခဲ့တာ၊ ကြက်မွေးမြူရေးကရတဲ့ငွေကြေးနဲ့ပညာသင်ပေးခဲ့တာကိုတွေးပြီး ပြုံးလိုက်တာလည်းဖြစ်ပါတယ်။ ဩော် . . . ဗမာကြက်တွေဟာ ကျွန်တော်တို့အတွက်တော့ ကျေးဇူးရှင်တွေပါပဲ။

ကျွန်တော်တို့မိဘတွေက တိုင်းရင်းကြက် ဒါမှမဟုတ် ဗမာကြက်တွေအများကြီးမွေးထားတော့ ဟင်းချက်စရာအတွက် မပူပင်ခဲ့ရပါဘူး။ အခုကျွန်တော်အလည်ပြန်ရောက်လာတော့လည်း အစ်မကြီးမိသားစုက ကြက်သားနဲ့ထမင်းကျွေးတော့ မစားရတာကြာပြီဖြစ်တဲ့ ဗမာကြက်ရဲ့အရသာကကောင်းလိုက်တာလို့ပဲ ပြောရမှာပါ။ ချက်ထားတာကလည်း ဆီကျန်ရေကျန်လေးဆိုတော့ ငယ်ငယ်ကလိုပဲ ကြက်သားဟင်းရည်ကိုဆမ်းပြီး ငါးပိရည်နဲ့နယ်စားရတဲ့အရသာဟာ ဘာနဲ့မှမလဲနိုင်အောင်ပါပဲ။

ငယ်ငယ်တုန်းကတော့ ကျောင်းနဲ့အိမ်၊ အိမ်နဲ့ကျောင်းနဲ့ပဲ စာသင်ခဲ့ရတာမို့ ဗမာကြက်မွေးမြူရေးကို အလေးထားလေ့လာခဲ့တာမျိုးမရှိခဲ့ပါဘူး။ သည့်နောက်မှာတော့ အတန်းပညာ၊ အတတ်ပညာတွေလေ့လာရင်း ဗမာကြက်အကြောင်းထဲထဲဝင်ဝင်လေ့လာမိပါတယ်။ ဒီကနေ့ တရားဝင်အသုံးအနှုန်းကတော့ တိုင်းရင်းကြက်လို့ပဲခေါ်ကြပါတယ်။ တိုင်းရင်းကြက်မွေးမြူကြဖို့လည်း နိုင်ငံတော်အစိုးရကနေအသိပညာပေးမှုတွေပြုလုပ်နေပါပြီ။

နေရာတော်တော်များများမှာလည်း တိုင်းရင်းကြက်တွေမွေးမြူလာကြသလို တိုင်းရင်းကြက်ဈေးကွက်ကလည်း အမှန်ပဲကျယ်ပြန့်လာပါပြီ။ ကျေးလက်နှင့်တိုင်းရင်းကြက်ဆိုပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကနေအသိပညာပေးခြင်း၊ လက်တွေ့မွေးမြူပြသခြင်းတွေလုပ်ဆောင်နေတာမို့ ကျေးလက်ဒေသနေပြည်သူတွေအတွက်ဝင်ငွေကောင်းလှတဲ့ တိုင်းရင်းကြက်ကို မွေးမြူကြစေချင်ပါတယ်။ ကျွန်တော်ကတော့လက်တွေ့မို့လို့ မိသားစုရဲ့လူမှုစီးပွားဘဝအောင်မြင်မှုကို လက်တွေ့လည်းအကျိုးခံစားခဲ့ရပြီးဖြစ်ပါတယ်။

တိုင်းရင်းကြက်မွေးမြူရေးနဲ့ပတ်သက်လို့ ပထမဆုံးအနေနဲ့ကြက်ခြံဆောက်ပါတယ်။ ကြက်ခြံဆောက်တာက ခွေး၊ ကြောင်နဲ့ အခြားတိရစ္ဆာန်တွေရန်ကကာကွယ်နိုင်ဖို့ပါ။ ကြက်ခြံအတွင်း ငှက်တွေမဝင်နိုင်အောင် ပိုက်ကွန်ကာပေးထားပါတယ်။ အစ်မကြီးပေးလိုက်တဲ့ ဖျာပုံပြန်လက်ဆောင်တိုင်းရင်းကြက်စုံတွဲကိုစတင်မွေးမြူမှာပါ။

ကြက်တွေစားဖို့ ဖြည့်စွက်စာအဖြစ် စပါး၊ ဆန်၊ ဆန်ကွဲထမင်း၊ ရောစပ်အစာတွေကို ပိုးစာရွက်၊ ဘောစကိုင်းရွက်နဲ့ဟင်းသီးဟင်းရွက်တွေကို ဖွဲနုဆန်ကွဲတွေနဲ့ရောနယ်ကာ အစာခွက်နဲ့ကျွေးဖို့ပြင်ပါတယ်။

ကြက်ခြံရဲ့မှောင်တဲ့၊ ထောင့်ကျတဲ့နေရာမှာ ကြက်ဥကျင်းတွေကို မြေပြင်မှအထက်နှစ်ပေခန့်မှာကောက်ရိုးခင်းပြီးခိုင်ခိုင်မြဲမြဲထားပေးပါတယ်။ ကြက်မတစ်ကောင်ကို ဥကျင်းတစ်ကျင်းထားပေးပါတယ်။ ကြက်မတွေဥပြီး ဝပ်ကျင်းမှာဝပ်သားပေါက်လာပြီဆိုရင်တော့ ဥကျင်းမှာခံထားတဲ့ကောက်ရိုးတွေကို မီးရှို့ပစ်ပါ့မယ်။ ကြက်သန်း၊ လှေး၊ မွှားတွေမတွယ်ကပ်စေဖို့ ကြက်ခြံအတွင်း ဥကျင်း၊ အိပ်တန်း၊ အကြိုအကြားနေရာတွေကို ဆေးရွက်ကြီးစိမ်ထားတဲ့ရေနဲ့ သုတ်လိမ်းပေးရပါမယ်။

ကြက်မတစ်ကောင်ဟာ တစ်နှစ်ကို ငါးကြိမ်ထက်မနည်းသားပေါက်ပါတယ်။ ပေါက်လာတဲ့ ကြက်ကလေးတွေကို လူတွေကစောင့်ရှောက်ရမှာပါ။ တောမှာတော့ အုပ်ဆောင်းတွေနဲ့အုပ်ထားပြီး အချိန်တန် အစာကျွေးပေးပေမယ့် ဒီနေ့ကာလမှာတော့ကြက်ငယ်လေးတွေကို သီးသန့်အနွေးပေးမွေးမြူနိုင်ပါတယ်။ တိုင်းရင်းကြက်ဆိုတာ အကြမ်းပတမ်းခံပေမယ့် လူတွေရဲ့ဂရုစိုက်မှုကလည်း လိုအပ်ပါတယ်။ ကြက်ခြံတွေကို သန့်ရှင်းရေနေ့စဉ်ပြုလုပ်ပေးနိုင်ရင်ကောင်းပါတယ်။

တိုင်းရင်းကြက်တွေအတွက် အဓိကကျန်းမာရေးကတော့ ကြက်လည်လိမ်ရောဂါပဲဖြစ်ပါတယ်။ ကြက်အသက်အရွယ်မရွေးဖြစ်ပွားနိုင်ပြီး ရောဂါပြင်းထန်ကာ ကူးစက်ပျံ့နှံ့နှုန်းမြန်ဆန်ပါတယ်။ ရောဂါဝင်သည်နဲ့မှိုင်ကုပ်ပြီး ရက်ပိုင်းအတွင်း ကြက်တစ်အုပ်လုံးဆုံးရှုံးနိုင်ပါတယ်။ ဒုတိယအဖြစ်အများဆုံးရောဂါမှာ ကြက်ဝမ်းကျရောဂါဖြစ်ပါတယ်။ ဗက်တီးရီးယားပိုးကြောင့်ဖြစ်ပွားပြီး ကြက်အသက်အရွယ်မရွေး ဖြစ်နိုင်ပါတယ်။ သေကျေဆုံးရှုံးမှုများလှပါတယ်။ ကြက်ငယ်လေးတွေကို ညအချိန်ခြင်ကိုက်ရာမှ မျက်ခွံတွင် အနာဖြစ်ပြီး ကြက်ကျောက်ရောဂါဖြစ်ပွားလေ့ရှိတတ်ပါတယ်။ ကြက်များမှာ သန်လုံးကောင်စွဲကပ်မှုကြောင့် ကြီးထွားနှုန်းနှေးကွေးခြင်း၊ ထုတ်လုပ်မှုကျဆင်းခြင်းနဲ့ ကိုယ်ခံစွမ်းအားကျခြင်းတို့ဖြစ်လေ့ရှိပါတယ်။ ကြက်တွေကိုသန်ချဆေးပုံမှန်တိုက်ကျွေးသင့်ပါတယ်။

တိုင်းရင်းကြက်မွေးမြူတဲ့အခါမှာ အဓိကလုပ်ဆောင်သင့်တာကတော့ မှတ်တမ်းတွေထားရှိဖို့ပါပဲ။ မှတ်တမ်းထားရှိခြင်းဖြင့် မျိုးကြက်မရွေးချယ်ခြင်းကိုအထောက်အကူပြုစေပြီး ကြက်မကြီးတစ်ကောင်ချင်းအလိုက် ဥနှုန်း၊ သားပေါက်နှုန်း၊ ကြီးထွားနှုန်း၊ အစာစားနှုန်းတို့မှတ်တမ်းထားရန်လိုပါတယ်။ ဒါမှသာ မျိုးသန့်ကြက်ရွေးချယ်ခြင်း၊ ဝယ်ခြင်းပြုလုပ်နိုင်ပြီး အကျိုးသက်ရောက်မှုကို ဆန်းစစ်နိုင်ပါတယ်။


ဓာတ်ပုံ-အင်တာနက်

ကြက်တွေအတွက် ရောဂါမဖြစ်မီကြိုတင်ကာကွယ်ခြင်းမှာ အထိရောက်ဆုံးဖြစ်ပါတယ်။ အပူဒဏ်ခံကြက်လည်လိမ်ရောဂါကာကွယ်ဆေးကိုတော့ ရက်သားကြက်ငယ်မှစ၍ အရွယ်မရွေးသုံးနိုင်ပါတယ်။ ကြက်တစ်ကောင်လျှင် ဆေးတစ်စက်နှုန်း မျက်စဉ်းခတ်ပေးရပါတယ်။ ကြက်တွေကို လေးလတစ်ကြိမ် မျက်စဉ်းခတ်ပေးခြင်းဖြင့် ရောဂါကာကွယ်နိုင်ပါတယ်။ Kအသားဆေးထိုးပေးခြင်းဖြင့်လည်း ရောဂါကာကွယ်နိုင်ပြီး ခြောက်လတစ်ကြိမ် ထိုးရန်လိုအပ်ပါတယ်။

တိုင်းရင်းကြက်များမှာ ဒုတိယအဖြစ်များဆုံးကတော့ ကြက်ဝမ်းကျရောဂါဖြစ်ပါတယ်။ ဗက်တီးရီးယားရောဂါပိုးကြောင့်ဖြစ်လို့ ရောဂါလက္ခဏာအနေနဲ့ အပြင်းဖျားရင်မှိုင်ကုပ်အစားပျက်ပြီး သေဆုံးနိုင်ပါတယ်။ အသက်တစ်လခွဲနဲ့အထက်ကြက်များမှာ တောင်ပံခြစ်ကာကွယ်ဆေးအသုံးပြုပြီးသူလည်း ခြောက်လတစ်ကြိမ်ထိုးပေးနိုင်ပါတယ်။ ဝမ်းကျရောဂါကာကွယ်ဆေး(ထိုးဆေး) ၂ ဒသမ ၅ စီစီအရေပြားအောက် ခြောက်လတစ်ကြိမ်ထိုးပေးနိုင်ပါတယ်။ ဒါ့အပြင်ကျောက်ရောဂါကာကွယ်ဆေးကို ခြောက်ပတ်သားနဲ့အထက်ကြက်ကြီးများတွင် ထိုးပေးရပါမယ်။ တောင်ပံအရေပြားမှာထိုးပေးရပါတယ်။

ကျေးလက်ဒေသကြက်မွေးမြူရေးမှာ မြန်မာနိုင်ငံတွင်အရေးပါသောအသားကဏ္ဍထုတ်လုပ်မှု လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ကျေးလက်ကြက်မွေးမြူရေးမှာ မွေးမြူသူတွေအတွက် ဝင်ငွေရရှိကာ အဆင်ပြေစေပါတယ်။ တကယ်လည်း ဈေးထဲကို သွားကြည့်လိုက်ရင် တိုင်းရင်းကြက်၊ ဗမာကြက်တွေဟာ ဈေးကွက်မှာအရောင်းသွက်ပါတယ်။ မွေးမြူသူတွေအတွက်၊ ကျေးလက်ဒေသစီးပွားရေးတိုးတက်မှုအတွက် အလွန်ပဲအရေးပါတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

ထင်ရှားတဲ့တိုင်းရင်းကြက်မျိုးတွေကတော့ လည်ပြောင်ကြက်၊ အင်ပင်ဝကြက်၊ စစ်တကောင်းကြက်တို့ဖြစ်ပါတယ်။ တိုင်းရင်းကြက်တွေကို တကယ်ပဲစိတ်ပါဝင်စားစွာမွေးမြူကြည့်လိုက်ရင် သင့်အတွက် အထောက်အကူကောင်းများရပါလိမ့်မယ်။ အဆောက်အအုံ၊ အစာ၊ ဆေးနဲ့ခြံသုံးပစ္စည်း၊ လုပ်အားခ စတဲ့ကုန်ကျစရိတ်သက်သာစွာ မွေးမြူနိုင်ပါတယ်။ တိုင်းရင်းကြက်တွေဟာ ဆိုးဝါးတဲ့ရာသီဥတုဒဏ်၊ ရောဂါဒဏ်၊ အစာချို့တဲ့မှုဒဏ်ကိုနိုင်ငံခြားမျိုးစိတ်တွေထက်ပိုပြီး ခံနိုင်ရည်ရှိပါတယ်။ ဒေသတွင်းကြက်တွေအနေနဲ့သူတို့အစာသူတို့ရှာဖွေစားသောက်နိုင်ပါတယ်။ ဖောက်စက်မလိုအပ်ဘဲ မိခင်ကိုယ်တိုင်ဝပ်၍ သားဖောက်နိုင်ခြင်း စတဲ့ကောင်းကျိုးတွေက အကုန်အကျသက်သာစေပါတယ်။

ကြက်ငယ်တွေအပေါ် မှာမိခင်ဖခင်စိတ်ထားရှိနိုင်ပြီးကြက်ငယ်တွေဘဝရှင်သန်နိုင်ရန် လေ့ကျင့်သင်ကြားထိန်းကျောင်းပေးနိုင်တာကလည်း တိုင်းရင်းကြက်ရဲ့ထူးခြားချက်ပါပဲ။ အရွယ်ရောက်လာတဲ့အခါမိမိဘာသာရန်သူကိုကာကွယ်ရှင်သန်လှုပ်ရှားနိုင်တာကလည်းထူးခြားချက်ပါပဲ။ အသားရဲ့အနံ့အရသာနဲ့ ဖွဲ့စည်းမှုကောင်းမွန်ခြင်း၊ အရည်သွေးကောင်းခြင်းတွေရှိနေတာမို့ ကျေးလက်ဒေသမှာ စနစ်တကျကျွေးမွေးထိန်းသိမ်းစောင့်ရှောက်မွေးမြူသင့်ပါတယ်။ အထက်မှာပြောခဲ့တဲ့ အချက်အလက်တွေအတိုင်း လိုက်ပါလုပ်ဆောင်မယ်ဆိုရင် အကျိုးကျေးဇူးများစွာဖြစ်ထွန်းမှာပါ။ ဆောင်ပုဒ်တစ်ခုရှိပါတယ်။ **ကြက်မကိုးကောင် ကိုးလရှောင် တစ်နေ့တစ်ကောင်စား** ဆိုတဲ့အတိုင်း တိုင်းရင်းကြက်တွေဟာလူတွေအတွက် အများကြီးအသုံးဝင်လှပါတယ်။ မိသားစုအတွက် တစ်ဖက်တစ်လမ်းကနေ အပိုဝင်ငွေရရှိစေနိုင်တဲ့ မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ လူသားတွေတစ်ခါတလေ နေထိုင်မကောင်းဖြစ်ရင် တိုင်းရင်းကြက်ကိုစွပ်ပြုတ်ပြုတ်သောက်ရင် တကယ်ပဲအားရှိလာပါတယ်။ အနှစ်ချုပ်တင်ပြရမယ်ဆိုရင် လူမှုစီးပွားဘဝမြင့်မားဖို့ တိုင်းရင်းကြက်တွေမွေးကြစို့. . . လို့ တိုက်တွန်းချင်ပါတယ်။ ။

(၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# စနစ်ရဲ့အနှစ်သာရ



"မီးလောင်လို့ပြာကျတော့မယ်။ မီးသတ်ကားက မလာသေးဘူး" "သူတို့ကရေနဲ့ပက်တာမဟုတ်ဘူး။ ငွေနဲ့ပက်တာ။ မီးသတ်သမားကို ပိုက်ဆံအထုပ်လိုက်သာပေးလိုက် လောင်နေတဲ့မီး ဝုန်းခနဲ ငြိမ်းသွားလိမ့်မယ်" "ရေပိုက်ခေါင်းသေးသေးလေးနဲ့ပက်နေတာ ဘယ်လိုလုပ်မီးငြိမ်းပါ့မလဲ" ဒီအသံတွေက အရင်တုန်းက မကြာခဏ ကြားနေကြရတဲ့အသံတွေဖြစ်ပါတယ်။ တစ်ခါတလေတော့လည်း မကြားတကြားပြောကြတာဖြစ်သလို တစ်ခါတလေကျတော့လည်း ကိုယ့်မျက်စိရှေ့မှာတင် ပြောတာခံနေကြရတာဖြစ်ပါတယ်။ မီးသတ်သမားဆိုရင် အကောင်းတစ်စက်မှ မမြင်နိုင်ခဲ့ကြတာဖြစ်ပါတယ်။ ကျွန်တော်တို့တွေ ယာဉ်မတော်တဆမှုတွေ့ရင်၊ လူတစ်ယောက် ချောင်းထဲမှာ ရေနစ်နေတာတွေ့ရင်၊ ချောင်းရေတွေ လျှံနေရင်၊ မြွေတွေ့ရင် မီးသတ်တပ်ဖွဲ့ကို အကြောင်းကြားလာတယ်။ မီးသတ်တပ်ဖွဲ့ရောက်လာပြီဆိုရင် သူတို့ကိုယ်သူတို့ ယုံကြည်မှုတွေရသွားတယ်လို့ ခံစားရလောက်အောင်အထိ ဖြစ်လာတယ်။

ဒီလိုမီးသတ်တပ်ဖွဲ့အပေါ် ပြည်သူလူထုရဲ့ အမြင်အတွေးတွေ ပြောင်းလဲသွားအောင် ဘာတွေကများ ရှေ့ဆောင်ပါသလဲ။ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒါပေမဲ့ အထူးအဆန်းတော့မဟုတ်ပါဘူး။ စနစ်တစ်ခုကို အောင်မြင်အောင် တည်ဆောက်လိုက်နိုင်တာပဲဖြစ်ပါတယ်။ အဲဒီစနစ်ကလည်း ယခင်ကတည်းက

**အခုခေတ်လို ဖေ့ဘွတ်လိုလူမှုမီဒီယာတွေ အားကောင်းတဲ့ခေတ်မှာ မီးသတ်တပ်ဖွဲ့ရဲ့ကောင်းသတင်းတွေ၊ ချီးကျူးသံတွေပဲ အများဆုံး ကြားနေရပါတယ်။ မီးသတ်ဥဩသံကြားတာနဲ့တစ်ပြိုင်နက် မီးသတ်လူမှုကွန်ရက်စာမျက်နှာကို သွားကြည့်ကြတယ်။ နီးစပ်ရာအချင်းချင်း ဝေမျှကြတယ်။ အရင်တုန်းကမကြားခဲ့ရဖူးတဲ့ "မီးသတ်တပ်ဖွဲ့ဝင်တွေ အန္တရာယ်ကင်းကင်းနဲ့ အမြန်ဆုံးငြိမ်းသတ်နိုင်ပါစေ" ဆိုတဲ့ဆုတောင်းမေတ္တာပို့သသံမျိုးတွေ၊ စကားသံတွေ မီးသတ်တပ်ဖွဲ့ရဲ့စာမျက်နှာမှာ မြင်လာရတယ်။ ကြားလာရတယ်။**

လေ့လာသင်ကြားခဲ့တဲ့ သတင်းအတတ်ပညာရဲ့ အခြေခံထဲမှာ "ပုံကြီးချဲ့တယ်ဆိုတာပုံသေးရှိလို့ပဲ" ဆိုတာပါပါတယ်။ မဟာဗန္ဓုလလမ်းပေါ်မှာရှိတဲ့ ဓာတ်ပုံဆိုင်မှာ "ပုံသေးပုံဟောင်းမှ ပုံကြီးပုံကောင်းသို့" ဆိုပြီး တစ်ချိန်က ကြော်ငြာတာတွေ့ခဲ့ရဖူးပါတယ်။ စကားလုံးအတိအကျသာမဟုတ်ပေမယ့် အဓိပ္ပာယ်က ပတ်စပို့ပုံသေးသေးလေးသာယူခဲ့ပါ အိမ်ဦးခန်းမှာ ချိတ်ဆွဲလို့ရအောင် ပုံအကြီးချဲ့ပေးတယ်ဆိုတာကို ကြော်ငြာတာဖြစ်ပါတယ်။ မီးသတ်နဲ့ပတ်သက်တဲ့ သတင်းတွေကလည်း အဲဒီလိုဖြစ်မှာပါပဲ။ မတစ်ရာသားတွေနဲ့ ဖွဲ့စည်းထားတဲ့တပ်ဖွဲ့ဖြစ်နေလေတော့ တစ်ယောက်တလေ ဖောက်တဲ့သူရှိမှာပါပဲ။ ယခုကော ရှိသေးလား။ ရှိနေဦးမှာပါပဲ။ ဒါပေမဲ့ အရင်လို အသံတွေ မကြားရတော့ဘူး။ **အခုခေတ်လို ဖေ့ဘွတ်လိုလူမှုမီဒီယာတွေ အားကောင်းတဲ့ခေတ်မှာ မီးသတ်တပ်ဖွဲ့ရဲ့ကောင်းသတင်းတွေ၊ ချီးကျူးသံတွေပဲ အများဆုံး ကြားနေရပါတယ်။ မီးသတ်ဥဩသံကြားတာနဲ့တစ်ပြိုင်နက် မီးသတ်လူမှုကွန်ရက်စာမျက်နှာကို သွားကြည့်ကြတယ်။ နီးစပ်ရာအချင်းချင်း ဝေမျှကြတယ်။ အရင်တုန်းက မကြားခဲ့ရဖူးတဲ့ "မီးသတ်တပ်ဖွဲ့ဝင်တွေ အန္တရာယ်ကင်းကင်းနဲ့ အမြန်ဆုံးငြိမ်းသတ်နိုင်ပါစေ" ဆိုတဲ့ ဆုတောင်းမေတ္တာပို့သသံမျိုးတွေ စကားသံတွေ မီးသတ်တပ်ဖွဲ့ရဲ့စာမျက်နှာမှာ မြင်လာရတယ်။ ကြားလာရတယ်။** အပြစ်တင်သံတွေရှိလာခဲ့ရင်တောင် အချင်းချင်းသတိပေးကြပြီး မီးသတ်တပ်ဖွဲ့ဘက်ကနေ ရပ်တည်ပေးကြတယ်။ ဒီလိုပဲ တစ်ဖက်မှာလည်း ဘာလေးပဲဖြစ်ဖြစ် မီးသတ်တပ်ဖွဲ့ကို အားကိုးလာကြတယ်။ ပုံမှန်မဟုတ်တဲ့ မီးခိုးတွေတွေ့ရင်၊ လမ်းပေါ်မှာ

ရှိနေပြီး နည်းပညာတွေ တိုးတက်လာတဲ့ခေတ်နဲ့အညီ ပြုပြင်ပြောင်းလဲ အသုံးချခဲ့တာပဲဖြစ်ပါတယ်။ မီးသတ်တပ်ဖွဲ့တွေရဲ့ ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာတွေကိုပါ စနစ်အတွင်း ထည့်သွင်းစဉ်းစား တည်ဆောက်ခဲ့ရတာဖြစ်ပါတယ်။ မီးသတ်စခန်းတွေ တည်ဆောက်တာကအစ ယခင်ကာလတွေက နေရာရမှု အပေါ်မူတည်ပြီး တည်ဆောက်ရတာဖြစ်ပေမယ့် အခုနောက်ပိုင်းမှာ မီးသတင်းရတာနဲ့တစ်ပြိုင်နက် ၅ မိနစ်မှ ၁၀ မိနစ်အတွင်း မီးသတ်တပ်ဖွဲ့တွေ ရောက်နိုင်တဲ့အကွာအဝေးဖြစ်အောင် တည်ဆောက်လာခဲ့ကြတယ်။ အရင်က မီးတောက်ကြီးတွေကို ရေအားကောင်းကောင်းနဲ့ဖိပြီးမီးသတ်ရာကနေ အခု မီးတောက်တွေကြားမှာရှိတဲ့ မီးလောင်မှုကိုအားပေးတဲ့ အောက်ဆီဂျင်ဓာတ်ငွေ့ကို ဖြတ်တောက်နိုင်အောင် ရေကုန်သက်သာစေသောရေမှုန်ရေမွှား မီးသတ်ပိုက်ခေါင်းဖြင့်မီးငြိမ်းသတ်လာကြတယ်။ တစ်ဖက်ကလည်း မြို့ပြကကြီးမားကျယ်ပြန့်လာပြီး အသက်မွေးဝမ်းကျောင်းရတဲ့နယ်ပယ် ကျယ်ဝန်းလာတာနဲ့အမျှ မီးမတော်တဆမှုတွေရှိရင် ကိုယ့်အိမ်ကိုယ့်ရာနဲ့ နီးသလားဝေးသလားသိရအောင် အွန်လိုင်းနည်းပညာ သုံးပြီး အချိန်နဲ့တစ်ပြေးညီ အသိပေးနိုင်လာတယ်။ လူထုအနေနဲ့လည်း မီးမတော်တဆမှုတွေ့ရင် မီးသတ်ဌာနကို အကြောင်းကြားနိုင်အောင် နည်းလမ်းပေါင်းစုံ စီစဉ်ပေးထားတယ်။

မြန်မာနိုင်ငံအတွင်း ဘယ်မြို့ ဘယ်ရွာ ဘယ်နေရာရောက်ရောက် အဆောက်အအုံမြင်လိုက်တာနဲ့ ပြည်သူတွေကို အကူအညီပေးမယ့် မီးသတ်တပ်ဖွဲ့ဆိုတာ မြင်ရုံနဲ့ သိနေစေရတယ်။ မီးသတ်တပ်ဖွဲ့စခန်းတိုင်းမှာ လူအသင့်၊ ယာဉ်အသင့်၊ ဆီအသင့်၊ ရေအသင့် ဆိုပြီးသင့်လေးသင့်အဆင်သင့်ဖြစ်နေစေရတယ်။ မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ် ဆိုတဲ့ဆောင်ပုဒ်ကို လိုက်နာဆောင်ရွက်တယ်။ အဲဒီအခြေခံစနစ်တွေကို ဦးဆောင်ဦးရွက်ပြုနေတဲ့ တပ်ဖွဲ့ခေါင်းဆောင်အသီးသီး၊ အဆင့်အသီးသီးက နည်းပညာတိုးတက်မှုတွေကို အသုံးချပြီး ခေတ်စနစ်နဲ့ ကိုက်ညီတဲ့ မီးသတ်နည်းစနစ်နဲ့ ပေါင်းစပ်အသုံးချဆောင်ရွက်ကြတဲ့အခါ စောစောကပြောတဲ့ မီးသတ်တပ်ဖွဲ့အပေါ် တစ်ချိန်လုံး အမြင်စောင်းနေတာတွေပြောင်းလဲသွားတာဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးဖြစ်လာအောင် အချိန်တိုတိုနဲ့၊ လွယ်လွယ်နဲ့ ဖြစ်လာတာတော့ မဟုတ်ပါဘူး။ ဆယ်စုတွေ တစ်ပိုင်းကျော်တဲ့အထိ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲနိုင်အောင် ကြိုးစားခဲ့ကြရတာဖြစ်ပါတယ်။ အခြေအနေတွေ ဘယ်လိုပဲရှိနေပါစေ စနစ်တစ်ခုကိုအပျက်မခံဘဲ တည်ဆောက်ရတယ်ဆိုတာ အခက်အခဲတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ စနစ်ကိုပျက်စေတာကတော့ လူတွေပါပဲ။ အခြေအနေတစ်ခုအရ၊ အပြောင်းအလဲတစ်ခုအရ ဦးစီးဦးဆောင်ပြုတဲ့သူတွေရဲ့စိတ်ဆန္ဒ၊ အတွေးအမြင်တွေက စနစ်ကိုအပြောင်းအလဲဖြစ်စေနိုင်ပါတယ်။

ထိုနည်းတူပဲ တပ်ဖွဲ့ဝင်တွေရဲ့အပြုအမူ အနေအထိုင်လုပ်ဆောင်မှုတွေကလည်း စနစ်ကိုပျက်စီးစေနိုင်ပါတယ်။ သို့သော်လည်း စနစ်ကိုတည်ဆောက်ရာမှာ ဆန်စဉ်ရာကျည်ပွေ့လိုက်ပုံစံမဟုတ်ရလေအောင် စနစ်တကျနဲ့အချိန်ယူတည်ဆောက်လာခဲ့တဲ့အတွက် စနစ်ကပဲ တပ်ဖွဲ့ဝင်တွေကိုဦးဆောင်ထိန်းကျောင်းသွားတဲ့အခါ မီးသတ်တပ်ဖွဲ့ရဲ့ စွမ်းဆောင်ရည်တွေ မြင့်တက်လာသလို ပြည်သူလူထုနဲ့ တစ်သားတည်းဖြစ်သွားခဲ့ပါတယ်။ အဲဒီအချိန်မှာ တွေ့မြင်လိုက်ရတဲ့အပြောင်းအလဲတစ်ခုက တပ်ဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်ပါပဲ။ **တစ်ချိန်ကဆိုရင် "မီးတောက်မီးလျှံကြီးဘယ်လောက်ကြီးမားပါစေ အသက်ကိုယ်ခန္ဓာ ဆုံးရှုံးနိုင်မည်ဟု သိပင်သိငြားသော်လည်း စွန့်လွှတ်စွန့်စား အသက်ကိုပင် ပဓာနမထားဆိုသော စိတ်ဓာတ်ဖြင့် ငါတို့ ဒီလိုပေးဆပ်ထားရတာ" ဆိုပြီး ဝင့်ကြွားချင်တဲ့တပ်ဖွဲ့ဝင်တချို့ရှိခဲ့ဖူးပေမယ့် စနစ်ရဲ့ထိန်းကျောင်းမှုအောက်မှာ အဲဒီလိုစိတ်ဓာတ်တွေ အလိုလိုပျောက်သွားတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေက အရှိန်ညီးညီးလောင်နေတဲ့ မီးလျှံတွေရဲ့ကြားမှာ အသက်စွန့်ပြီး မီးငြိမ်းသတ်ရတာ၊ အဲဒီအတွက်နဲ့ ကိုယ်လက်အင်္ဂါဆုံးရှုံးရတာ ဂုဏ်ယူကြပါတယ်။ တချို့ဆို မီးလောင်ပေါက်ကွဲမှုတွေမှာ ပါသွားပြီး အရိုးအသားရှာမရတာတွေတောင်ရှိပေမယ့် ကျန်ခဲ့တဲ့မိသားစုက ဆုံးရှုံးမှုကြီးမားစွာ ရင်ဆိုင်လိုက်ရပေမယ့် ဂုဏ်ယူကြပါတယ်။ ဒီလိုပေးဆပ်မှုတွေကို ထုတ်ဖော်ပြောပြစရာမလိုတော့ဘဲ ပြည်သူတွေဟာ မီးသတ်တပ်ဖွဲ့ဝင်တွေကို စာနာနားလည်အားကိုးလာကြပါပြီ။**

ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေကိုယ်တိုင်က မီးသတ်တပ်ဖွဲ့ရဲ့ ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်နဲ့ အနှစ်သာရကို သဘောကျနှစ်သက်လို့ ဝင်ရောက်အမှုထမ်းခဲ့ကြတာဆိုတော့ လိုတာထက်ပိုကဲတဲ့ အတွေးအမြင်အယူအဆတွေကို စနစ်ရဲ့ထိန်းကျောင်းမှုအောက်မှာ အလိုလိုရောက်သွားစေခဲ့ခြင်းကလည်း ပြည်သူနဲ့ပိုမိုနီးကပ်သွားတာပဲဖြစ်ပါတယ်။ **တကယ်တော့ ကိုယ့်ထမင်း ကိုယ်စား၊ ကိုယ့်လက်ဖက်ရည် ကိုယ်သောက်၊ မီးလောင်တယ် မီးသတ်ဥဩသံကြားတယ်ဆိုတာနဲ့ မင်္ဂလာဆောင်နေတဲ့သတို့သားလည်း မီးသတ်ဝတ်စုံလဲ၊ မိဘဖြစ်သူနာရေးမြေချဖို့ သရဏဂုံတင်နေတာကနေ သားဖြစ်သူက မီးလောင်ရာကို ပြေးသွား၊ မီရာကားနဲ့ဖြစ်သလို လိုက်သူလိုက်၊ ခြေကျင်ပြေးသွားသူသွား၊ စက်ဘီးနဲ့လိုက်ပြီး မီးလည်းငြိမ်းရော စက်ဘီးကိုအစအနရှာမရတဲ့ သန္ဓေ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ ရင်ထဲမှာကိန်းအောင်းနေတဲ့ သန္ဓေစိတ်က အခုမှ ကောက်ကာငင်ကာ ဖြစ်တည်လာတာ မဟုတ်ပါဘူး။ မီးသတ်တပ်ဖွဲ့စတင်ထူထောင်ခဲ့တဲ့ လွန်ခဲ့တဲ့ ၇၈ နှစ်ကတည်းက ရှိနေခဲ့တာကိုသာ ကြည့်ပါလေ။** အဲဒီစိတ်ဓာတ်နဲ့လုပ်ရပ်တွေက ဘယ်တော့မှ တိမ်ကောသွားမှာမဟုတ်ပါဘူးဆိုတာ တင်ပြရင်း **(၇၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့**အား ဂုဏ်ပြုရေးသားဖော်ပြလိုက်ရပါသည်။ ။

**မြန်မာနိုင်ငံအတွင်း ဘယ်မြို့ ဘယ်ရွာ ဘယ်နေရာရောက်ရောက် အဆောက်အအုံမြင်လိုက်တာနဲ့ ပြည်သူတွေကိုအကူအညီပေးမယ့် မီးသတ်တပ်ဖွဲ့ဆိုတာ မြင်ရုံနဲ့သိနေစေရတယ်။ မီးသတ်တပ်ဖွဲ့စခန်းတိုင်းမှာ လူအသင့်၊ ယာဉ်အသင့်၊ ဆီအသင့်၊ ရေအသင့် ဆိုပြီးသင့်လေးသင့် အဆင်သင့်ဖြစ်နေစေရတယ်။ မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ် ဆိုတဲ့ဆောင်ပုဒ်ကို လိုက်နာဆောင်ရွက်တယ်။**

**မြင့်သူ**

★ စာမျက်နှာ ၁၅ မှအဆက်

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို မီးသတ်ဦးစီးဌာန၏ Website စာမျက်နှာမှတစ်ဆင့် Live ထုတ်လွှင့်ပြသခြင်း၊ Update သတင်းများတင်ပြထုတ်လွှင့်ပေးခြင်းများသည်လည်း ထိရောက်သည့် အသိပညာပေးပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့်အတွက် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ပြည်သူများအနေဖြင့်လည်း မီးဘေးအန္တရာယ်က ကင်းဝေးအောင် အသိ၊ သတိနှင့် မပေါ့မဆကြဘဲ ကြိုတင်ကာကွယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မီးသတ်လုပ်ငန်းသည် အန္တရာယ်များသည့်အတွက် စွန့်လွှတ်မှုများ၊ စွန့်စားမှုများနှင့် အသက်နှင့်ခန္ဓာကို ပေးဆပ်ပြီး လုပ်ရသည့်လုပ်ငန်းဖြစ်ကြောင်း၊ ပေးဆပ်မှုအနည်းဆုံးဖြစ်ရန် မိမိအလုပ်ကိုကျွမ်းကျင်မှုရှိရန်လိုပြီး ကျွမ်းကျင်အောင်လည်း အကြိမ်ကြိမ်လေ့ကျင့်နေရန်လိုအပ်ကြောင်း၊ လေ့ကျင့်မှကျွမ်းကျင်၊ ကျွမ်းကျင်မှယုံကြည်၊ ယုံကြည်မှရဲရင့်၊ ရဲရင့်မှအောင်ပွဲဆင်နိုင်မည်ဖြစ်၍ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် လေ့ကျင့်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန်လိုကြောင်း။

ခေတ်အဆက်ဆက်တွင် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားမှုများနှင့် အကျိုးပြုနေခြင်းသည် လေးစားဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ထိုကဲ့သို့ စွန့်လွှတ်စွန့်စားပြီး စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း နိုင်ငံတော်က စွမ်းရည်သတ္တိဆိုင်ရာနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း။

ထိုသို့ ချီးမြှင့်ပေးခဲ့ရာတွင် ၁၉၅၂ ခုနှစ်မှ ယနေ့အထိ စွမ်းရည်သတ္တိဆိုင်ရာနှင့် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် စုစုပေါင်း (၃၅၈)ဦးကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ စွမ်းရည်သတ္တိဆိုင်ရာနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များမရရှိခဲ့သော်လည်း ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် စွန့်လွှတ်မှုပေါင်းများစွာဖြင့် ဆောင်ရွက်ခဲ့ကြသည့် သန္ဓေ၊ အရန်နှင့် သီးသန့် မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း တန်ဖိုးထားချီးကျူးဂုဏ်ပြုပါကြောင်း။

စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံတတ်မှုတို့နှင့် တည်ဆောက်ထားသည့် မီးသတ်တပ်ဖွဲ့သည် ပြည်သူကို အလုပ်အကျွေးပြုနိုင်ပြီး ပြည်သူလူထုက ချစ်ခင်လေးစားအားကိုးယုံကြည်ရသည့် တပ်ဖွဲ့တစ်ခု ထာဝရဖြစ်နေစေရေးအတွက် တပ်ဖွဲ့ဝင်တိုင်းက မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ပြည်သူကို အလုပ်အကျွေးပြုနေရန် အထူးလိုအပ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး အမျိုးသားနိုင်ငံရေးကို ရှေးရှုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များလုပ်ဆောင်နေသည့်လုပ်ငန်းစဉ်များအားလုံးသည် ပြည်သူ့အကျိုး၊ ပြည်သူ့အရေးကိစ္စပင်ဖြစ်ကြောင်း၊ ပြည်သူ့အကျိုး၊ ပြည်သူ့အရေးကိစ္စသည် တစ်မျိုးသားလုံး၏ အရေးကိစ္စဖြစ်ပြီး နိုင်ငံတော်၏အရေးကိစ္စပင် ဖြစ်သည်ကို နားလည်သဘောပေါက်ကြရန် လိုအပ်သည်ကို မှာကြားလိုကြောင်း။

မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးကို ရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်နေသည့် ယခုလိုအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ်ကို အပြည့်အဝအောင်မြင်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ဦးလည်မသုန် အလေးအနက်ထားပြီး တာဝန်သိသိ၊ သစ္စာရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်များ နှစ်စဉ်ကြုံတွေ့ရလျက်ရှိပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှု ပမာဏလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ပထဝီဝင်အနေအထားအရ ဒေသအလိုက် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး အစရှိသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကိုရင်ဆိုင်ကြုံတွေ့နိုင်တဲ့အပြင် အခြားသော ဓာတု၊ ဇီဝ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ၏ အန္တရာယ်များလည်း ဖြစ်ပွားလာနိုင်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

သာဓကအနေဖြင့် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ၏ အဖျက်စွမ်းအားကြီးမားမှုကို အားလုံးအသိပင်ဖြစ်ကြောင်း၊ "မိုခါ"မုန်တိုင်းကြောင့် ပြိုကျပျက်စီးနိုင်သည့် နေရာဒေသများက ပြည်သူများကို တပ်မတော်၏ ဦးဆောင်မှုနှင့်အတူ ဘေးလွတ်ရာကို အချိန်မီရွှေ့ပြောင်းပေးခြင်းနှင့် ကြိုတင်ကာကွယ်မှုများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအလိုက် နိုင်ငံ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်အတူ ဆောလျင်ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ထိခိုက်ပျက်စီးမှုများကို အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ခဲ့သည်ကိုတွေ့ရမည်ဖြစ်ကြောင်း။

မုန်တိုင်းတိုက်ခတ်အပြီးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်အရ မီးသတ်တပ်ဖွဲ့အနေဖြင့် အထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့်အတူ နေပြည်တော်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရှမ်းနှင့် ဧရာဝတီတို့က ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်အင်အားစုစုပေါင်း (၅၄၉) ဦး အမြန်ဆုံးစေလွှတ်ပြီး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှု၊ စက်ပစ္စည်းကိရိယာများ၏ စွမ်းအားများနှင့် အချိုးကျပေါင်းစပ်ပြီး ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ဒေသခံပြည်သူများ၏ အားကိုးယုံကြည်မှုကိုရရှိစေခဲ့သည့် ဂုဏ်ယူဖွယ်ရာလုပ်ဆောင်ချက်များဖြစ်သည်ကို ဂုဏ်ပြုပြောကြားလိုကြောင်း။

ဖြစ်ပေါ်ပြောင်းလဲလာသည့်ဘေးအန္တရာယ်များ၏စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်၊ နိုင်ငံတကာမီးသတ်တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန်၊ အနာဂတ်ကာလကို မျှော်မှန်းပြီး အသွင်သဏ္ဌာန်သာမက အနှစ်သာရပိုင်းပါ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို Men Power, Equipment Power, Technological Power များနှင့် ဟန်ချက်ညီအောင်တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတကာအဆင့်အောင်မြင်မှုများကို ဆန်းစစ်ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း စင်ကာပူနိုင်ငံ စင်ကာပူမြို့ပြကာကွယ်ရေးတပ်ဖွဲ့၏ Singapore Civil Defence Force-SCDF Ready Week 2023 တွင်ကျင်းပခဲ့သည့် နိုင်ငံတကာမီးသတ်စွမ်းရည်ပြိုင်ပွဲ၌ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း(၁၃)နိုင်ငံမှ အသင်း(၁၆)သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အဖွဲ့လိုက်အသက်ကယ်စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုနှင့် နိုင်ငံတကာမှမီးသတ်သမား(၂၆)ဦး ပါဝင်ယှဉ်ပြိုင်သည့် တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲ Braveheart (Individual)တွင် တတိယဆုများဆွတ်ခူးခဲ့ကြောင်းကို ဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း၊ ထိုသို့ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ခြင်းသည် မီးသတ်တပ်ဖွဲ့အတွက် သမိုင်းမှတ်တမ်းသစ်တစ်ခု ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပြီး ယင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကြရန် မှာကြားလိုကြောင်း။

မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ခေတ်စနစ်နှင့်အညီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ကြိုးပမ်းလေ့လာဆောင်ရွက်ထားကြရန် လိုအပ်သကဲ့သို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုအသစ်များကိုရင်ဆိုင်ရန် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးနည်းပညာပိုင်းများနှင့်ဆောင်ရွက်နိုင်ရန် မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Urban Search and Rescue Team)များကို ဒေသအလိုက် စုဖွဲ့လေ့ကျင့်ပြီး အသင့်ဆောင်ရွက်ထားရန်လည်း မှာကြားလိုကြောင်း။

မီးသတ်တပ်ဖွဲ့၏ သမိုင်းအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းပြီး ရည်မှန်းချက်တာဝန်(၄)ရပ်ကို အောင်မြင်အောင် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကို မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကာ မီးသတ်တပ်ဖွဲ့၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ကြရန်၊ နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်နေသည့် မီးသတ်လုပ်ငန်းနည်းပညာများကို မျက်ခြည်မပြတ်လေ့လာဆည်းပူးပြီး လေ့ကျင့်မှုဖြင့် အရည်အချင်းပြည့်ဝအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ မိမိတို့နိုင်ငံသားများကို မီးဘေးလုံခြုံရေးလုပ်ငန်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် အလုပ်အကျွေးပြုရာတွင် စိတ်ကောင်းစေတနာအပြည့်ဖြင့် ထိထိရောက်ရောက်လိုအပ်ချက်မရှိအောင်စွမ်းဆောင်ကြရန်နှင့် အထူးသဖြင့် မီးသတ်သမားများသည် ဘေးအန္တရာယ်များနှင့်ရင်ဆိုင်ကြုံတွေ့နေသူတိုင်းကို မိမိတို့အသက်နှင့်ခန္ဓာကိုယ်ကို အရင်းတည်ပြီး ကူညီကယ်တင်ဆောင်ရွက်ရခြင်းကြောင့် ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ရင်း စွန့်လွှတ်စွန့်စားသွားကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ဂုဏ်ဒြပ်ကို လေးစားဂုဏ်ယူပြီး နောင်နှစ်ပေါင်းများစွာ မြန်မာပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ချမ်းသာကို စောင့်ရှောက်ကာကွယ်နိုင်သည့် တပ်ဖွဲ့ကြီးအဖြစ် အခွန့်ရှည်အောင် ကြိုးစားတည်ဆောက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က "မီးသတ်ပြု" ဂန္ထဝင်တေးသီချင်းသီဆိုသူ နိုင်ငံကျော်တေးသံရှင် ဦးထွန်းရွှေ အသက် ၉၀ နှစ်နှင့်အထက် တာဝန်ထမ်းဆောင်လျက်ရှိသော မီးသတ်လုပ်ငန်းများတွင် စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အရန်မီးသတ်တပ်ရင်းမှ အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးချစ်လှိုင်နှင့် စစ်မှုထမ်း(အငြိမ်းစား)၊ မီးသတ်ဝန်ထမ်း(အငြိမ်းစား) တပ်ကြပ်ကြီး ဦးထွန်းကြည်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံအတွင်း မီးဘေးလုံခြုံရေးလုပ်ငန်းများအား သက်တမ်းအကြာဆုံး စေတနာ့ဝန်ထမ်းဆောင်ရွက်ခဲ့သည့် အရန်မီးသတ်စခန်း(၃) ခုတို့မှ တာဝန်ရှိသူတို့ကိုလည်းကောင်း ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Singapore Global Firefighters & Paramedics Challenge Braveheart တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော တပ်ဖွဲ့ဝင် ၁ ဦး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)နှင့်(အထက်မြန်မာပြည်)တို့တွင် စံပြဆုရရှိခဲ့သော သင်တန်းသူ ၂ ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဆုတံဆိပ်ရရှိသူ ၁ ဦးနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တွင် လုပ်သက် ၃၇ နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သွေးလှူဒါန်းမှု အကြိမ်ရေ ၁၂၅ ကြိမ်ဖြင့် လူမှုထူးချွန် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ဆုတံဆိပ်များ ရရှိခဲ့သည့် လက်ထောက်မီးသတ်ဦးစီးမှူး(ငြိမ်း) ဦးမျိုးမင်းတို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခန်းမအတွင်းခင်းကျင်းပြသထားသည့် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် ခန်းမအရှေ့တွင် ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက်မီးသတ်ယာဉ်များအား လိုက်လံကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC-II)၌ ပြုလုပ်သည့် (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုညစာစားပွဲသို့ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့်အတူ တက်ရောက်သည်။

ဦးစွာ မီးသတ်တပ်ဖွဲ့ဝင်များက "မွန်မြတ်စိတ်ထား မီးသတ်သမား" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အမှတ်တရကိတ်ကိုခွဲကြသည်။ ယင်းနောက် ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ပြည်တော်အေးငြိမ်း မင်္ဂလာဆိုင်းနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အနုပညာရှင်များက တေးသံသာများ၊ အကအလှများ၊ တေးသရုပ်ဖော်များဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သီဆိုကပြဖျော်ဖြေခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် အဆိုပါဂုဏ်ပြုညစာစားပွဲတွင် ၂၀၂၄ ခုနှစ်၊ မေလ ၅ ရက်နေ့တွင်ကျရောက်သော (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း (၅၀)ကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက MRTV DTH စလောင်း (၂၀)စုံနှင့် DVB T2 Set Top Box (၁၀၀)စုံကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Solar Watt (50) လျှပ်စစ်မီးစက် (၁၀၀) စုံကိုလည်းကောင်း ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(၁၀၀)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက်မီးသတ်ယာဉ်များကို လိုက်လံကြည့်ရှုစဉ်။

★ စာမျက်နှာ ၁၇ မှအဆက်

သူတို့၏ကိုယ်ကျိုးစီးပွားကို ကာကွယ်ရန်အတွက်သာ မြူနီစီပယ်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းခဲ့ကြကြောင်း၊ ထို့ကြောင့် မျိုးချစ်လူငယ်များသည် မိမိတို့၏ရပ်ရွာဒေသကို မီးဘေးအန္တရာယ်က ကာကွယ်နိုင်ရန် အမျိုးသားရေးစိတ်ဓာတ်နှင့် အပျော်တမ်းမီးသတ်အဖွဲ့များကိုဖွဲ့စည်းပြီး ကာကွယ်ခဲ့ကြကြောင်း၊ ၁၉၀၀ ပြည့်နှစ် နှောင်းပိုင်းကစပြီး စေတနာ့ဝန်ထမ်း အပျော်တမ်း မီးသတ်တပ်ဖွဲ့များကို တစ်နိုင်ငံလုံး မြို့နယ်အလိုက် ဖွဲ့စည်းခဲ့ကြကြောင်း။

၁၉၄၆ ခုနှစ် မေလ ၅ ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ကန်တော်ကလေးတွင်ရှိသည့် အမျိုးသမီးကျောင်း၌ မြန်မာတစ်ပြည်လုံးတွင်ရှိသည့် မီးသတ်အဖွဲ့အစည်းများ၏ ပထမအကြိမ် စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးညီလာခံကို ကျင်းပနိုင်ခဲ့ပြီး ယင်းညီလာခံကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ကြောင်း၊ ထိုသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံ ကျင်းပခဲ့သည့် မေလ ၅ ရက်နေ့ကို အစွဲပြုပြီး "မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့" အဖြစ် ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင်(၇၈) နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း။

မီးသတ်တပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အမှတ်တရကိတ်ကိုခွဲကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မီးသတ်တပ်ဖွဲ့ဝင်များ၏ သီဆိုဖျော်ဖြေမှုကိုကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီဆိုကပြဖျော်ဖြေခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။

မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့် ရည်မှန်းချက်တာဝန်(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ကြိုတင်စီမံမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ပြန်လည်သုံးသပ်မှုဆိုသည့် အရေးကြီးသည့်ကဏ္ဍများကို မဟာဗျူဟာကျကျနှင့် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် နှစ်စဉ်မီးလောင်မှုများဖြစ်ပွားလျက်ရှိရာ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၁၀)နှစ်တာကာလအတွင်း မီးလောင်မှုအကြိမ်ပေါင်း (၁၈၀၀၀)ခန့် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး (၁၈၇)ဘီလီယံကျော်ခန့်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းလုံး ပျမ်းမျှအားဖြင့် တစ်နှစ်တွင် အကြိမ်ရေ (၁၈၀၀) ခန့်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် နှစ်စဉ် (၁၈) ဘီလီယံကျော် ဆုံးရှုံးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့်အတူ နိုင်ငံအလိုက် လူဦးရေတိုးပွားလာမှုများနှင့် စက်မှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မီးလောင်မှုဖြစ်စဉ်များ များလာသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် နှစ်စဉ်မီးလောင်မှုအကြိမ်ရေနှင့် မီးဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုတန်ဖိုးများ လျော့ကျစေရေးအတွက် ပြည်သူလူထုအတွင်း မီးသတိပြုရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာများ စိမ့်ဝင်ပျံ့နှံ့နေအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ လှုံ့ဆော်ပညာပေးမှုအစီအစဉ်များ ထုတ်လွှင့်ပေးခြင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် ထည့်သွင်းဖော်ပြခြင်း၊ ပညာပေးစာစောင်များ၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ မြို့ပေါ်ရပ်ကွက်များသာမက ကျေးလက်ဒေသအထိ ကွင်းဆင်းပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့်အချက်များ စသည်များကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် လုပ်ဆောင်ပေးကြရန်လိုကြောင်း။

မီးသတ်တပ်ဖွဲ့အနေဖြင့် မီးလောင်မှုနှင့်

စာမျက်နှာ ၁၄ သို့ ★





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း "မီးသတ်ပြု"ဂန္ထဝင်တေးသီချင်းသီဆိုသူ နိုင်ငံကျော်တေးသံရှင် ဦးထွန်းရွှေအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသက် ၉၀ နှစ်နှင့်အထက် တာဝန်ထမ်းဆောင်လျက်ရှိသော မီးသတ်လုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းတာဝန်ထမ်းဆောင်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အရန်မီးသတ်တပ်ရင်းမှ အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးချစ်လှိုင်အား ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံအတွင်း မီးဘေးလုံခြုံရေးလုပ်ငန်းများအား သက်တမ်းအကြာဆုံးစေတနာ့ဝန်ထမ်းဆောင်ရွက်ခဲ့သည့် အရန်မီးသတ်စခန်း(၃)ခုတို့မှတာဝန်ရှိသူတို့အား ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်မှုထမ်း(အငြိမ်းစား)၊ မီးသတ်ဝန်ထမ်း(အငြိမ်းစား)တပ်ကြပ်ကြီးဦးထွန်းကြည်အား ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

☆ ရှေ့ဖုံးမှအဆက်

ကိုယ်စားလှယ်များ၊ ထူးချွန်ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်သည်။

ထို့နောက် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်း Video Clip ကိုပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် တိုင်းရင်းသားမိဘပြည်သူများ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်းများကို မီးဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်အမျိုးမျိုးမှ ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ပြီး သမိုင်းဂုဏ်ဒြပ် အစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ (၇၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏သမိုင်းကို ပြန်ကြည့်ရမည်ဆိုပါက ပုဂံထီးနန်းကိုတည်ထောင်ခဲ့သည့် အနော်ရထာမင်းစောလက်ထက် ခရစ်နှစ် (၁၀၄၄) ခုနှစ်ကတည်းက မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းလာခဲ့သည်ကိုတွေ့ရပါကြောင်း၊ ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက်တွင်လည်း နိုင်ငံတော်ကို မီးဘေးမသင့်စေရန် မီးသတ်လုပ်ငန်းများကို စနစ်တကျဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ မီးသတ်တပ်ဖွဲ့သမိုင်းသည် နှစ်ပေါင်း ၁၀၀၀ နီးပါးရှိခဲ့သည်ကို ဂုဏ်ယူဖွယ်ရာတွေ့ရမည်ဖြစ်ကြောင်း။

ကိုလိုနီခေတ်တွင် အင်္ဂလိပ်နယ်ချဲ့တို့သည် စာမျက်နှာ ၁၅ သို့ ☆

**❖ မြန်မာနိုင်ငံတွင် နှစ်စဉ်မီးလောင်မှုများဖြစ်ပွားလျက်ရှိရာ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၁၀)နှစ်တာကာလအတွင်း မီးလောင်မှုအကြိမ်ပေါင်း(၁၈၀၀၀)ခန့်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး(၁၈၇)ဘီလီယံကျော်ခန့်ရှိ၊ နှစ်စဉ်မီးလောင်မှုအကြိမ်ရေနှင့် မီးဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုတန်ဖိုးများ လျော့ကျစေရေးအတွက် ပြည်သူလူထုအတွင်း မီးသတိပြုရေးနှင့်မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာများစိမ့်ဝင်ပျံ့နှံ့နေအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ် . . .**

**❖ မီးသတ်လုပ်ငန်းသည် အန္တရာယ်များသည့်အတွက် စွန့်လွှတ်မှုများ၊ စွန့်စားမှုများနှင့် အသက်နှင့်ခန္ဓာကိုပေးဆပ်ပြီး လုပ်ရသည့်လုပ်ငန်းဖြစ်၊ ပေးဆပ်မှုအနည်းဆုံးဖြစ်ရန် မိမိအလုပ်ကို ကျွမ်းကျင်မှုရှိရန်လိုပြီး ကျွမ်းကျင်အောင်လည်း အကြိမ်ကြိမ်လေ့ကျင့်နေရန်လိုအပ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် ခေတ်မီမီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများကို လိုက်လံကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် Singapore Global Firefighters & Paramedics Challenge Braveheart တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော တပ်ဖွဲ့ဝင် ၁ ဦးအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

**❖ ဖြစ်ပေါ်ပြောင်းလဲလာသည့် ဘေးအန္တရာယ်များ၏စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်၊ နိုင်ငံတကာမီးသတ်တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန်၊ အနာဂတ်ကာလကိုမျှော်မှန်းပြီး အသွင်သဏ္ဍာန်သာမက အနှစ်သာရပိုင်းပါပြုပြင်ပြောင်းလဲနိုင်ရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို** Men Power, Equipment Power, Technological Power **များနှင့် ဟန်ချက်ညီအောင်တည်ဆောက်ကြရမည်ဖြစ် . . .**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW May 5

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers speech at the ceremony to mark 78th Anniversary of Myanmar Fire Brigade Day



Vice-Senior General Soe Win delivers a speech at the 78th Myanmar Fire Brigade Day celebration.

A ceremony to mark the 78th Anniversary of Myanmar Fire Brigade Day took place at Myanmar International Convention Centre-MICC-II in Nay Pyi Taw this morning, with an address by Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the ceremony were SAC member General Mya Tun Oo, Admiral Tin Aung San, Lt-Gen Yar Pyae, U Wunna Maung Lwin, Daw Dwe Bu and Mahn Nyein Maung, Union ministers, the Nay Pyi Taw Council chairman, Union-level dignitaries, senior military officers, deputy ministers, Nay Pyi Taw Council members, permanent secretaries, departmental heads, officers and members of Myanmar Fire Brigade Headquarters, retired fire brigade officers, representatives from permanent, auxiliary and separate fire brigade members from regions and states, outstanding award winners and guests.

First, the Vice-Senior General pressed the button to open the ceremony.

A video clip on documentaries of the 78th Anniversary of Myanmar Fire Brigade Day was presented.

In his speech, the Vice-Senior General said today is the 78th Anniversary of Myanmar Fire Brigade Day marking the fire brigade in serving people with prevention of fire and safeguarding life and property of the people in successive eras in its prestigious traditions.

In looking back the history of Myanmar, King Anawrahta who established Bagan dynasty formed fire brigades in 1044 AD. From Bagan to Konbaung eras, fire squads were systematically formed to serve firefighting services for the State. So, it can be taken proud in some 1,000 years term of Myanmar Fire Brigade history.

In the colonial era, British colonialists formed the municipal fire brigades for serving their interests. So, patriotic youths formed the amateur fire brigades to protect their regions against danger of fire with national spirit. Starting from late 1900, voluntary fire brigades in all townships across the nation.

On Sunday, 5 May 1946, the first voluntary firefighter conference of all fire brigades across Myanmar was held at the girls' school in Kandawgale of Yangon with an address by General Aung San. As such, 5 May when the conference was held has been marked as Myan-mar Fire Brigade Day till today for 78 years.

In accord with the instruction of the Ministry of Home Affairs, the Fire Brigade is implementing four objectives: fire prevention, natural disaster prevention, search and rescue and public welfare measures. In so doing, it is necessary to strategically perform management, implementation and review of relevant work processes.

As Myanmar faces outbreaks of fire yearly, outbreaks of fire occurred 18,000 time within a decade from 2014 to 2023, losing Ks-187 billion of property. So, the country faces some 1,800 times of fire outbreaks yearly with more than Ks-18 billion of



Vice-Senior General Soe Win presents an honorary prize to the Fire Brigade.



Vice-Senior General Soe Win presents an honorary trophy to the Fire Brigade.

See Page - 21

■■ From Page - 21

Consequently, the resultant loss and damage were minimized.

Following the cyclone's aftermath, under the direction of the National Disaster Management Committee, the fire brigade, alongside specialized search and rescue units and 549 personnel from Nay Pyi Taw, Bago, Magway, Mandalay, Mon, Yangon, Shan, and Ayeyawady, engaged in relief and rehabilitation operations. Leveraging their expertise, equipment, and collective strength, the fire brigade acted swiftly and efficiently to address the situation.

To effectively confront the challenges posed by emerging disasters and collaborate seamlessly with international counterparts, the Myanmar Fire Brigade must undergo comprehensive reforms, focusing not only on structural enhancements but also on fundamental improvements. Achieving equilibrium in terms of manpower, equipment, and technological capabilities is imperative for its future pre-paredness.

Highlighting international accomplishments, in November 2023, Myanmar was among the 16 teams from 13 nations participating in the Singapore Civil Defence Force-SCDF Ready Week 2023. Myanmar's commendable performance, securing third place in the braveheart (individual) contest, amidst 26 international firefighters, brought pride to the nation. This achievement stands as a significant milestone for the Myanmar Fire Brigade, underscoring the need to uphold and further cultivate such esteemed traditions.

While members of the Fire Brigade are required to exert efforts to be competent in firefighting and search and rescue technologies to keep up with the times, it is necessary to make preparation for new challenges posed by natural disasters and to practice advanced search and rescue technologies by forming urban search and rescue teams in respective regions and states.

Members of the Fire Brigade are urged to implement four missions of the brigade successfully by preserving the fine traditions of the Fire Brigade, to enhance the image of the brigade by participating in reduction of fire outbreaks and natural disasters and national development tasks by upholding Our Three Main National Causes, to exert efforts by studying changing modern fire fighting technologies in the international community and practicing them without losing sight of modern technologies, to make efforts out of goodwill effectively to serve the interests of the people by carrying out fire safety and rescue measures and to continue to preserve the prestige of the Fire Brigade, member of which has protected the lives and property of the people for many years by sacrificing their lives in successive eras .

Then, the Vice-Senior General presented honorary cash rewards and shields to U Tun Shwe, who sang a classic song titled "Beware of Fire," Deputy Battalion Commander of Auxiliary Fire Brigade Battalion in Dagon Myothit (South) Township in Yangon Region U Chit Hlaing, who is volunteering in the battalion for firefighting operations at the age of more than 90 years, Defence Services Personnel (Retd) member of the Fire Brigade (Retd) Sergeant (Retd) U Tun Kyi and an official who is responsible for three longest volunteering auxiliary fire brigade stations.




Vice-Senior General Soe Win presents a cash award to the Fire Brigade.



Performers entertain the guests.



A Fire Brigade member receives a certificate of honour.

Afterward, the Vice-Senior General accepted the commemorative gift for the 78th Myanmar Fire Brigade Day presented by Member of the SAC Union Minister for Home Affairs Lt-Gen Yar Pyae.

Then, the union minister pre-sented honorary prizes and cash rewards to a member of the Fire Brigade, who third prize in the individual capabilities category in the Singapore Global Firefighters & Paramedics Challenge Braveheart, two members who won excellent trainee awards in Civil Service Academies (Upper Myanmar and Lower Myanmar), a member of the Fire Brigade, who won a performance medal, and Assistant Staff Officer of the Fire Brigade (Retd) U Myo Min, who served in the Myanmar Fire Brigade for 37 years and won Outstanding Performance Awards in Social Affairs (First, Second and Third Grades) for donating blood 125 times.

Afterward, the Vice-Senior General posed for documentary photographs together with attendees and inspected the modern firefighting and search & rescue equipment displayed in the hall and fire trucks used in successive eras displayed in front of the hall.

In the evening, the Vice-Senior General attended the honorary dinner commemorating the 78th Myanmar Fire Brigade Day together with members of the SAC, union ministers, officials and guests.

First, members of the Fire Brigade entertained the guests with a song titled "The Noble Spirit of Firefighters."

Then, the Vice-Senior General and the union minister for Home Affairs cut the cake commemorating the 78th Myanmar Fire Brigade Day. During the dinner, Pyitaw Aye Nyein Myanmar Saing Orchestra and a modern music band of the Myanmar Fire Brigade entertained the guests with music and dances together with members of the Fire Brigade and artists.

After the dinner, the Vice-Senior General presented an honorary flower basket and cash rewards for members of the Fire Brigade and artists who performed music and dances during the dinner.

In commemoration of the 78th Myanmar Fire Brigade Day, which falls on 5 May, 2024, Ks-5 million cash rewards would be presented by union ministers and the chairman of the Nay Pyi Taw Council, 20 sets of MRTV DTH satellite dishes by the union minister for Information and 100 sets of Solar Watt (50) generators by the union minister for Border Affairs.

# State Administration Council
# Press Release
# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.
2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.
3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**
4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.
5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

AGRICULTURE

# Sagaing District farmers reap 16,194 acres of winter mung beans

A total of 16,194 acres of mung beans planted in Sagaing District, Sagaing Region during the winter crop planting season have been harvested, according to statistics from Department of Agriculture for Sagaing District.

The harvest of mung bean fields planted in Sagaing District during the 2023-2024 winter crop planting season has been started since February this year. So far, 16,194 acres of mung beans have been harvested and 17 baskets per acre are produced.

The mung bean harvested by townships in Sagaing District is as per following: 1,674 acres in Sagaing Township and 1,983 acres in Myinmu Township and 12,537 acres in Myaung Township.

During the 2023-2024 winter crop planting season, 16,428 acres of mung beans were earmarked for planting in Sagaing District, and 16,194 acres were planted from October to December 2023.

In the 2022-2023 winter crop planting season, 16,428 acres were planted in Sagaing District from October to December 2023.

**SK**

AGRICULTURE

# Wetlet Township farmers harvest 56,860 acres of winter chickpeas

A total of 56,860 acres of chickpeas planted in the winter crop season in Wetlet Township, Sagaing Region, have been harvested, according to statistics from the Department of Agriculture for Wetlet Township.

During the 2023-2024 winter crop planting season, 56,860 acres of chickpeas have been harvested in Wetlet Township since February 2023, with a yield of 24.50 baskets per acre.

"The chickpeas were planted beyond the target. We cooperated with the farmers to provide the good varieties, inputs, post-harvest technology, etc., needed to improve the yield and quality of the chickpeas," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

During the 2023-2024 winter crop planting season, 54,327 acres of chickpeas were earmarked to be planted in Wetlet Township, and 56,860 acres were planted from October to December 2023. Last year, at the time of winter crop planting, chickpea cultivation in Wetlet Township started from October to December, 2022, and 54,327 acres of chickpeas were planted. **SMK**

AGRICULTURE

# Authorities prepare to supply water for over 17,000 summer paddy acres in Yangon Region

The Yangon Region Irrigation and Water Utilization Management Department (Water Resource) has prepared to supply water for over 17,000 acres of summer paddy in Yangon Region in the financial year 2024-2025.

The department successfully irrigated 15,492 acres of summer paddy through river water pumps last year. The paddy fields will be expanded to 17,595 acres this year.

The fields are located in Taikkyi, Hmawby, Hlegu, and Htantabin townships, and water is sourced from the Hline, Kokkowa, and Ngamoeyeik rivers. Additionally, extended paddy fields have been established in Thanlyin, Mingaladon, and Hlegu districts, as well as Mingaladon, Htantabin, and Taikkyi townships for this year. **SK**





Vice-Senior General Soe Win views a video clip of firefighting drills.

From Page - 18

loss on a yearly basis.

As the increasing number of population and development of industrial technologies amid climate change across the world, number of outbreaks of fire is on the rise. So, it is necessary to raise public awareness for prevention of fire in order to reduce loss and damage in outbreak of fire annually.

Moreover, it is necessary to disseminate knowledge about fire prevention to the people not only in urban but in rural areas through radio and television, newspapers and magazines as well as pamphlets.

The Fire Brigade has to continue its functions of effective public service knowledge sharing process by conducting live broadcasting of fire outbreaks and search and rescue activities of the brigade and update news on the website of the Department of Fire Services. On the other hand, people have to cooperate with the fire brigade to prevent danger of fire without negligence.

Firefighting is inherently perilous, demanding both the readiness to risk life and limb. To mitigate these dangers, firefighters must hone their skills through rigorous training. Proficiency is born from practice, trust from proficiency, bravery from trust, and victory from bravery. Thus, continuous study, practice, and adherence are imperative.

The valor and selflessness displayed by firefighters in the line of duty, spanning generations, command admiration and pride. Their sacrifices in firefighting and search-and-rescue missions serve the nation and its people. The state rightfully honors those who have laid down their lives, acknowledging their exceptional courage and performance.

Since 1952, a total of 358 honorary medals have been awarded to individuals for their outstanding ability and performance. Even those who didn't receive formal recognition for their abilities and contributions, the dedicated, steadfast, and exceptional firefighters deserve commendation for their unwavering commitment and numerous sacrifices for the nation and its people.

For a fire brigade to uphold morale, discipline, and public trust, every member must diligently fulfill their duties with perseverance. As public servants, firefighters must remain apolitical, prioritizing national interests above all else. Every aspect of their operations is geared towards public welfare, making it a matter of national concern. Understanding that the people's issues are the nation's concerns, and indeed, the state's, is essential for every firefighter.

Amid our efforts to fortify a robust, disciplined multi-party democratic system and foster a union grounded in democracy and federalism, it falls upon the fire brigade to shoulder responsibility within their respective domains. Their pivotal role is crucial for the successful realization of the five-point roadmap and the nine objectives outlined by the State Administration Council.

The global landscape is witnessing a surge in natural disasters annually due to climate change. Myanmar, given its climate and geographical disposition, is susceptible to a spectrum of calamities including fires, floods, storms, earthquakes, and hazards of chemical, biological, and radioactive nature.

For instance, the devastating Cyclone "Mocha" that struck on May 14, 2023, serves as a poignant example. Under the Tatmadaw's leadership, timely evacuation efforts and proactive measures, spearheaded by military personnel, police, government officials, and charitable organizations, averted widesp-read destruction.

See Page - 19



Vice-Senior General Soe Win views firefighting equipment on display.



Vice-Senior General Soe Win views firefighting equipment on display.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ယူကရိန်းဒရုန်းများကိုကြားဖြတ်ရန် ရုရှားက AI ထရပ်ကားများကိုအသုံးပြုလာ



ထက်မြတ်

ရုရှားတပ်ဖွဲ့များက ဒရုန်းများကို ကြားဖြတ်နိုင်စွမ်းရှိတဲ့ မောင်းသူမဲ့မြေပြင်သုံးယာဉ်များကို စစ်မြေပြင်မှာစတင်အသုံးပြုလာပါပြီ။ အထူးသဖြင့် ယူကရိန်းတပ်ဖွဲ့ရဲ့ ဒရုန်းများကို ကြားဖြတ်ဟန့်တားနိုင်ဖို့ပါ။

အဲဒီမောင်းသူမဲ့ယာဉ်များကို NVP Geran ကထုတ်လုပ်ထားတာပါ။ နာမည်ကိုတော့ Abzats လို့ပေးထားပါတယ်။ သူ့ကို ဉာဏ်ရည်တုနည်းပညာ - AI နဲ့ တစ်စိတ်တစ်ပိုင်းထိန်းချုပ်ထားတာဖြစ်ပါတယ်။

AI နဲ့ထိန်းချုပ်ထားတဲ့အတွက် အဲဒီဒရုန်းယာဉ်က ကြိုတင်သတ်မှတ်ထားတဲ့ လမ်းကြောင်းအတိုင်း အလိုအလျောက်သွားလာနိုင်သလို အဲဒီလိုသွားလာနေစဉ် တစ်လျှောက်မှာလည်း ယူကရိန်းဒရုန်းများကအသုံးပြုတဲ့ လှိုင်းနှုန်းများအားလုံးကို ဖိဖျက်နိုင်စွမ်းရှိပါတယ်။

ယူကရိန်းတပ်ဖွဲ့များက ရုရှားတို့ရဲ့ Tsar တင့်ကို ဒရုန်းကြားဖြတ်နည်းပညာအသုံးပြုပြီး သိမ်းယူလိုက်နိုင်တဲ့ သီတင်းပတ်အနည်းငယ်ကြာပြီးနောက် ရုရှားတို့က အခုနည်းပညာကိုအသုံးပြုလာတာပါ။

ထုတ်ပြန်ချက်တွေအရပြောရမယ်ဆိုရင် Abzats တွေက တစ်နာရီကို ၃ မိုင်နှုန်းကနေ ၁၅ မိုင်ခွဲနှုန်းအထိ သွားလာနိုင်ပါတယ်။ သူ့ကျောပေါ်မှာတော့ အလေးချိန် ၂၆၅ ပေါင်ရှိတဲ့ကိရိယာတွေကိုတင်ဆောင်ရင်းနဲ့ပေါ့။

Abzats မှာပါဝင်တဲ့ အီလက်ထရွန်နစ်စစ်ဆင်ရေးပစ္စည်းတွေက အကွာအဝေး ၉၄ ပေကနေ ၁၉၆၉ ပေအတွင်းမှာရှိတဲ့ ယူကရိန်းဘက်က အသုံးပြုလှိုင်းနှုန်းတွေအားလုံးကို ကြားဖြတ်နိုင်စွမ်းရှိပါတယ်။

ရုရှားနဲ့ယူကရိန်းတို့ကြား စစ်ပွဲစတင်ဖြစ်ပွားပြီဆိုကတည်းက မြေပြင်သုံးမောင်းသူမဲ့စနစ်တွေကို တွင်ကျယ်စွာအသုံးပြုလာကြတာပါ။

နှစ်နိုင်ငံစလုံးကလည်း လက်ရှိအသုံးပြုနေတဲ့စနစ်တွေကို ပိုမိုဆန်းသစ်အောင်တီထွင်ဖန်တီးမှုတွေလုပ်ဆောင်လာကြတာကိုတွေ့ရပါတယ်။

အခု ရုရှားဘက်ကအသုံးပြုနေတဲ့ မြေပြင်သုံးမောင်းသူမဲ့ယာဉ်တစ်ခုမှာဆိုရင် UR-83P အမျိုးအစား မိုင်းရှင်းစနစ်ကို တပ်ဆင်ထားတာရှိပါတယ်။

ဒီယာဉ်တွေဟာ အရင်က မြေပြင်ရှာဖွေလေ့လာရေးနဲ့ ရေနံတူးဖော်ရေးအတွက် လေ့လာရေးစက်ရုပ်ယာဉ်များကို ဒီဇိုင်းပြောင်းလဲပြီး ထုတ်လုပ်ထားတာဖြစ်ပါတယ်။

ဒါတင်မကသေးပါဘူး။ ရုရှားစစ်ဘက်က ယူကရိန်းတို့ရဲ့ဒရုန်းများကိုဖျက်ဆီးမယ့် ကောင်တာဒရုန်းများစွာကိုလည်း စစ်မြေပြင်မှာ အသုံးပြုလျက်ရှိပါတယ်။

အဲဒီထဲကမှတစ်မျိုးက Gyurza လို့ခေါ်တဲ့ ရွေ့လျားဒရုန်းဖျက်စနစ်တစ်မျိုးဖြစ်ပါတယ်။ ဒီဒရုန်းကို နိုင်ငံအတွင်းမှာပင် ထုတ်လုပ်တာဖြစ်ပြီး AI နည်းပညာကို အသုံးပြုထားပါတယ်။

လက်ရှိအချိန်မှာ AI နည်းပညာက အဆင့်တစ်ခုကိုရောက်ရှိလာပြီဖြစ်ပေမယ့်လည်း စစ်မြေပြင်မှာ ထိရောက်မှုအတိုင်းအတာကိုတော့ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ **Ref: IE**

# တစ်နာရီကို ၂၄၈ မိုင်နှုန်းနဲ့သွားနိုင်မယ့် အသေခံဒရုန်းကို ပြင်သစ်ထုတ်ဖော်ပြသ



ထက်မြတ်

စစ်မြေပြင်မှာ ဒရုန်းတွေကိုအသုံးပြုမှုက တစ်နေ့တခြားတွင်ကျယ်လာတာနဲ့အမျှ ဒရုန်းနည်းပညာများသည်လည်း မြင့်မားလာလျက်ရှိပါတယ်။

အရင်တုန်းက စစ်ဆင်ရေးမှာဒရုန်းတွေကို ကင်းထောက်ဖို့အတွက်သာအသုံးပြုခဲ့ကြပေမယ့် ဒီကနေ့ခေတ်မှာတော့ တိုက်ခိုက်ရေးဒရုန်းများနဲ့ အသေခံဒရုန်းများအထိ အသုံးပြုလာကြတာကိုလည်း တွေ့ရပါတယ်။

ဒီအချိန်မှာ ပြင်သစ်ကုမ္ပဏီတစ်ခုဖြစ်တဲ့ EOS Technologies ကုမ္ပဏီက သူတို့ရဲ့ အသေခံဒရုန်းအမျိုးအစားအသစ်ကို ထုတ်ဖော်ပြသလိုက်ပါပြီ။

သူတို့ဒရုန်းရဲ့ သာလွန်ထူးခြားတဲ့စွမ်းဆောင်ရည်တစ်ခုက တစ်နာရီကို ၂၄၈ မိုင်နှုန်း (တစ်နာရီ ကီလိုမီတာ ၄၀၀ နှုန်း)နဲ့ သွားလာနိုင်တာပါ။

အဲဒီဒရုန်းကို ပြင်သစ်စစ်လက်နက်ပစ္စည်းဝယ်ယူရေးဌာနက ဝယ်ယူလိုက်တာဖြစ်ပြီး တာလတ်အတန်းအစား စစ်လက်နက်ပစ္စည်းတစ်မျိုးဖြစ်တယ်လို့ဆိုပါတယ်။

ကုမ္ပဏီရဲ့ထုတ်ပြန်ချက်အရဆိုရင် အဲဒီဒရုန်းက ၁၆ မိနစ်အတွင်းမှာ ၃၁ မိုင်အကွာအဝေးအထိ ရောက်ရှိနိုင်တယ်ဆိုတာကို တွေ့ရတယ်လို့ဆိုပါတယ်။

ဒါပေမဲ့ လောင်စာဆီကန်မှာပါတဲ့ ဆီပမာဏရဲ့ထက်ဝက်လောက်ကို ၃၁ မိုင်စာအတွက် အသုံးပြုလိုက်ရတယ်လို့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

သမိုင်းကြောင်းအရပြောရမယ်ဆိုရင် ပြင်သစ်နိုင်ငံဆိုတာက မောင်းသူမဲ့လေယာဉ်များကို ဦးစားမပေးခဲ့ပါဘူး။ အထူးသဖြင့် အသေခံဒရုန်းအမျိုးအစားပေါ့။

ဒါပေမဲ့မကြာသေးခင်ကာလကစပြီး သူတို့ရဲ့ရပ်တည်ချက်ကိုပြောင်းလဲကာ အသေခံဒရုန်းကဏ္ဍမှာ သူတို့ရဲ့စွမ်းရည်ကို ထုတ်ဖော်ပြသဖို့ ကြိုးပမ်းလာတာဖြစ်ပါတယ်။

ဒါကြောင့် ၂၀၂၂ ခုနှစ်မှာ ပြင်သစ်စစ်လက်နက်ပစ္စည်းဝယ်ယူရေးဌာနက မောင်းသူမဲ့လက်နက်စီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။

အဲဒီစီမံကိန်းက ၃ မိုင်မှ ၃၁ မိုင်အကွာအဝေးမှာရှိတဲ့ သံချပ်ကာယာဉ်တစ်စီးကို ဖျက်ဆီးနိုင်စေမယ့် ဒရုန်းများထုတ်လုပ်ဖို့ပါပဲ။

၂၀၂၃ ခုနှစ်အစောပိုင်းမှာ ပြင်သစ်က သူတို့တပ်ဖွဲ့ဝင်တွေအတွက် လေ့ကျင့်ချိန်ကိုလျှော့ချပေးနိုင်စေဖို့ ကိုင်တွယ်အသုံးပြုရလွယ်ကူတဲ့ မောင်းသူမဲ့လေယာဉ်များကို ထုတ်လုပ်စေခဲ့ပါတယ်။

အဲဒီဒရုန်းကို Veloce 330 လို့နာမည်ပေးထားပါတယ်။ သူက ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်စေမယ့် VTOL နည်းပညာကိုအသုံးပြုထားပါတယ်။

သူ့မှာ GPS အပေါ် မှီခိုစရာမလိုတဲ့ စနစ်အပြင် လှိုင်းနှုန်းဖိဖျက်မှုကိုလည်း ခံနိုင်ရည်ရှိစေမယ့် လမ်းညွှန်စနစ်ကို ထည့်သွင်းပေးထားတယ်လို့ ကုမ္ပဏီကဆိုပါတယ်။

လက်ရှိမှာတော့ အဲဒီဒရုန်းဟာ ကင်းထောက်လုပ်ငန်းကို ကောင်းကောင်းကြီး လုပ်ဆောင်နိုင်စွမ်းရှိပြီဖြစ်ကာ နေ့ဘက်မှာဆိုရင် ၉ မိုင်အကွာကယာဉ်များ၊ ညဘက်မှာဆိုရင် ၂ မိုင်အကွာကယာဉ်များကို ကောင်းကောင်းကြီး မြင်နိုင်စွမ်းရှိပါတယ်။

နောက်တစ်ဆင့်အနေနဲ့ ဆက်သွားရမှာက အဲဒီဒရုန်းကို သံချပ်ကာတင့် ဖောက်ထွင်းနိုင်စွမ်းရှိစေမယ့် အဝေးထိန်းလက်နက်တစ်ခုအဖြစ်ရောက်ရှိအောင် ဖန်တီးဖို့ပဲဖြစ်ပါတယ်။ **Ref: IE**

တဲအဗစ်၊ စစ်ရေး

# ဟားမတ်အဖွဲ့နှင့်သဘောတူညီချက်ရရှိရန် အစ္စရေးအစိုးရအသင့်ရှိဟုဆို

အစ္စရေးအစိုးရအဖွဲ့အနေဖြင့် ဟားမတ်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး၊ ဓားစာခံများ ပြန်လွှတ်ပေးရေးသဘောတူညီချက် ရရှိရန်အသင့်ရှိနေကြောင်း ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဧပြီလ ၅ ရက်တွင်ပြောသည်။

ဟားမတ်အဖွဲ့နှင့်အစ္စရေးအစိုးရတို့ကြား တိုက်ရိုက်မဟုတ်သောနည်းဖြင့်လုပ်ဆောင်သော နောက်ဆုံးအကြိမ်ဆွေးနွေးမှုအတွင်း အစ္စရေးအစိုးရအဖွဲ့အနေဖြင့် သဘောတူညီချက်ကိုလက်ခံရန်အသင့်ရှိနေကြောင်း ပြသခဲ့သည်ဟု နေတန်ယာဟုကပြောသည်။

သို့သော် ဟားမတ်အဖွဲ့၏တောင်းဆိုချက်တချို့ကို အစ္စရေးအစိုးရအနေဖြင့် လက်ခံနိုင်စရာမရှိကြောင်း နေတန်ယာဟုက ဆက်ပြောသည်။

"ဟားမတ်အဖွဲ့က မဖြစ်နိုင်တဲ့တောင်းဆိုချက်တွေကို ဆက်ပြီးတောင်းဆိုပါတယ်။ သူတို့ရဲ့အဓိကတောင်းဆိုချက်က ဂါဇာကမ်းမြောင်ဒေသကနေ အစ္စရေးတပ်ဖွဲ့များအားလုံးထွက်သွားရေး၊ စစ်ပွဲကိုအဆုံးသတ်စေရေးနဲ့ ဟားမတ်တို့ကို ဒီအတိုင်းထားရှိပေးရေးဖြစ်ပါတယ်။ အစ္စရေးနိုင်ငံအနေနဲ့တော့ ဒီအချက်တွေကိုလက်မခံနိုင်ပါဘူး" ဟု နေတန်ယာဟုက ဗီဒီယိုမှတစ်ဆင့်ပေးပို့သော သတင်းစကားတွင် ပြောထားခြင်းဖြစ်သည်။

ထို့ပြင် အစ္စရေးအနေဖြင့် ဂါဇာကမ်းမြောင်ဒေသရှိ ၎င်းတို့၏စစ်ရေးရည်မှန်းချက်များကို ပြန်လည်ရုပ်သိမ်းသွားမည်မဟုတ်ကြောင်း ဝန်ကြီးချုပ်ကဆက်ပြောသည်။

အလားတူ ဂါဇာမှအစ္စရေးတပ်ဖွဲ့များ ဆုတ်ခွာခြင်းသည် အစ္စရေးတို့က လက်နက်ချသည့်အဓိပ္ပာယ်သက်ရောက်ကာ၊ ဟားမတ်နှင့်အီရန်တို့အနေဖြင့် ကြီးမားသောအောင်ပွဲရရှိသည်ဟု ဆိုလိုသွားနိုင်ကြောင်း နေတန်ယာဟုကပြောထားသည်။

အစ္စရေးဘက်က သဘောတူသည့်အချက်မှာ အပစ်အခတ်ရပ်စဲရေးအတွက်သာဖြစ်ပြီး ထိုသို့သဘောတူရခြင်းမှာလည်း ဟားမတ်တို့လက်တွင်းအဖမ်းခံထားရသည့် အစ္စရေးဓားစာခံများ လွတ်မြောက်ရေးအတွက်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောထားသည်ဟုသိရသည်။



*Ref: Sputnik*

ဝါရှင်တန်၊ စစ်ရေး

# မကြာသေးမီက ယူကရိန်းအပေါ်ထောက်ပံ့မှုများက ရုရှားတိုက်စစ်ကိုမရပ်တန့်နိုင်ဟု အိမ်ဖြူတော်ဝန်ခံ

အမေရိကန်အစိုးရက မကြာသေးမီက ယူကရိန်းအပေါ် ပေးအပ်လိုက်သော ထောက်ပံ့မှုများသည် ရုရှားတို့၏တိုက်စစ်ကို မရပ်တန့်နိုင်ကြောင်း အိမ်ဖြူတော်က ဝန်ခံလိုက်သည်။

တစ်ချိန်တည်းမှာပင် ၂၀၂၅ ခုနှစ်အတွင်း ယူကရိန်းက နောက်ထပ်တိုက်စစ်တစ်ခုကို စတင်လုပ်ဆောင်ရန် ရည်မှန်းထားသည်ဟု အမေရိကန်အိမ်ဖြူတော်အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်က ဧပြီလ ၄ ရက်တွင်ပြောသည်။



"အမေရိကန်က ယူကရိန်းအပေါ် ထောက်ပံ့မှုအသစ်တွေပေးလိုက်သော်ငြားလည်း ရုရှားတို့အနေနဲ့ မကြာမီကာလအတွင်း စစ်မြေပြင်မှာ ချီစစ်ဆင်တိုက်ခိုက်မှုများ လုပ်ဆောင်လာနိုင်တယ်လို့ မျှော်လင့်ထားဆဲပါပဲ" ဟု ဂျိတ်ဆူလီဗန်ကပြောသည်။

အမေရိကန်လွှတ်တော်နှစ်ရပ်စလုံးက အချိန်ကြာမြင့်စွာအတည်မပြုနိုင်ခဲ့သည့် ယူကရိန်းနိုင်ငံသို့ ဒေါ်လာ ၆၁ ဘီလီယံ အကူအညီပေးရေးအဆိုပြုချက်ကို မကြာသေးမီကအတည်ပြုကာ သမ္မတဂျိုးဘိုင်ဒင်က ပြီးခဲ့သည့်သီတင်းပတ်တွင် ဥပဒေအဖြစ် လက်မှတ်ရေးထိုးအသက်သွင်းလိုက်ပြီဖြစ်သည်။

အမေရိကန်ဘက်က ယူကရိန်းအပေါ် ယခုကဲ့သို့ကူညီထောက်ပံ့မှုများပေးနေသော်လည်း ယူကရိန်း၏စစ်အင်အားနည်းပါးမှုက အားနည်းချက်တစ်ခုအဖြစ်ရှိနေဆဲဖြစ်ကြောင်း Financial Times သတင်းဌာနကဖော်ပြထားသည်။

ယူကရိန်းနိုင်ငံသို့ စစ်ရေးအကူအညီများပေးနေခြင်းသည် ပဋိပက္ခကိုရှည်ကြာစေမည့် လောင်စာသာဖြစ်ကြောင်းနှင့် ရုရှားနိုင်ငံကလုပ်ဆောင်နေသော အထူးစစ်ဆင်ရေး၏ရလဒ်အပေါ် သက်ရောက်မှုရှိစေမည့်အခွင့်အရေးရရှိစေမည်မဟုတ်ကြောင်း ရုရှားအစိုးရက အကြိမ်ကြိမ်သတိပေးထားသည်။

*Ref: Sputnik*

တိုကျို၊ ပြည်တွင်းရေး

# ဂျပန်နိုင်ငံ၏ ကလေးငယ်အင်အား ၄၃ နှစ်ဆက်တိုက်ကျဆင်း

ဂျပန်နိုင်ငံ၏ ကလေးငယ်အင်အားက ၄၃ နှစ်ဆက်တိုက်ကျဆင်းလျက်ရှိကြောင်းနှင့် ဧပြီလ ၁ ရက်အထိ ကောက်ယူရရှိသည့် စာရင်းများအရ နိုင်ငံအတွင်း ကလေးငယ်အင်အား ၁၄ သန်းသာရှိကြောင်း အစိုးရက ထုတ်ပြန်ထားသည်။

၁၉၅၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ နှိုင်းယှဉ်ရရှိနိုင်သည့်အချက်အလက်များအရ နိုင်ငံအတွင်းရှိ နိုင်ငံခြားသားများအပါအဝင် အသက် ၁၄ နှစ်နှင့်အောက်ကလေးငယ်အရေအတွက်မှာ ယမန်နှစ်ကထက် လူအယောက် ၃၃၀၀၀၀ ကျော် ကျဆင်းလာခြင်းဖြစ်သည်။

ရာခိုင်နှုန်းအရဆိုပါက နိုင်ငံ့လူဦးရေစုစုပေါင်းအနက် ကလေးငယ်အရေအတွက်မှာ သုည ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး ၁၁ ဒသမ ၃ ရာခိုင်နှုန်းသာရှိကြောင်း၊ ၎င်းသည်လည်း ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း အနည်းဆုံးဖြစ်ကြောင်း ပြည်ထဲရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ကျား၊ မ အရေအတွက်အရဆိုလျှင် ယောကျ်ားလေးအရေအတွက် ၇ ဒသမ ၁၈ သန်းနှင့် မိန်းကလေးအရေအတွက် ၆ ဒသမ ၈၃ သန်းရှိသည်။

အသက်အရွယ်အပိုင်းအခြားအရဆိုပါက အသက် ၁၂ နှစ်မှ ၁၄ နှစ်ကြားရှိသူ ၃ ဒသမ ၁၇ သန်း၊ မွေးကင်းစမှ အသက် ၂ နှစ်ကြားရှိသူ ၂ ဒသမ ၃၅ သန်းရှိသောကြောင့် နောက်ပိုင်းကာလများတွင် ကလေးမွေးဖွားမှုနှုန်းကျဆင်းလာသည်ကိုလည်း တွေ့ရကြောင်း သိရသည်။ *Ref: Xinhua*

တီဟီရန်၊ ပြည်တွင်းရေး

# အီရန်က နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခုတည်ဆောက်မည်



အီရန်အစိုးရက ယခုလာမည့်ဆောင်းရာသီတွင် ဒါခိုဗင်နျူကလီးယားဓာတ်အားပေးစက်ရုံ၏ နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရေးလုပ်ငန်းကို စတင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

အဆိုပါ နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်မှုတွင် ရှုပ်ထွေးသောအဆောက်အအုံများပါဝင်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့ခေါင်းဆောင် မိုဟာမတ်အက်စလာမီက ဧပြီလ ၅ ရက်တွင်ပြောသည်။ တည်ဆောက်မှုအတွက် အခြေခံဖြစ်သည့် အုတ်မြစ်ချကွန်ကရစ်လောင်းခြင်းကို ယခုနှစ်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မိုဟာမတ်အက်စလာမီက ပြောသည်ဟု အီရန်အစိုးရကထုတ်ပြန်ထားသည်။

နျူကလီးယားဓာတ်ပေါင်းဖိုအတွက် အုတ်မြစ်ချကွန်ကရစ်လောင်းခြင်းသည် ဓာတ်ပေါင်းဖိုအဆောက်အအုံအတွက်သာမက နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ခုလုံးအတွက် တည်ဆောက်ရေးလုပ်ငန်းစတင်မှုဖြစ်သည်။

အီရန်နိုင်ငံသည် အနောက်အုပ်စု၏ပြင်းထန်သောပိတ်ဆို့မှုများနှင့်ရင်ဆိုင်နေရသော်လည်း နိုင်ငံအတွင်းမှာပင် နျူကလီးယားစွမ်းအင်ကိုအသုံးပြုနေနိုင်သည့် နိုင်ငံဖြစ်သည့်အပြင် နျူကလီးယားလက်နက်ကိုပါ ပိုင်ဆိုင်နိုင်တော့မည်ဟုလည်း သတင်းများထွက်ပေါ်လျက်ရှိကြောင်းသိရသည်။

*Ref: Sputnik*

နိုင်ရိုဘီ၊ သဘာဝဘေး

# ကင်ညာ၌ မိုးရွာရေကြီးမှုကြောင့် သေဆုံးသူ ၂၈၈ ဦးအထိမြင့်တက်

ကင်ညာနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများကြောင့် သေဆုံးသူအရေအတွက် ၂၈၈ ဦးအထိမြင့်တက်လာကြောင်း ကင်ညာအစိုးရက ဧပြီလ ၅ ရက်တွင် ထုတ်ပြန်သည်။

အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းတစ်လုံးဝင်ရောက်မှုကြောင့် ကြီးမားသည့်ပျက်စီးမှုများမရှိသော်လည်း နောက်ထပ်မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှု၊ မြေပြိုမှုတို့နှင့် ဆက်လက်ရင်ဆိုင်ရဖွယ်ရှိသည်ဟု ကင်ညာအစိုးရက ထုတ်ပြန်ထားသည်။

ကင်ညာနိုင်ငံအနောက်ပိုင်းတွင် နိုင်အန်ဒေါမြစ်ကမ်းပါးများကို ကျော်လွန်ရေကြီးမှုကြောင့် ရဲစခန်း၊ ကျောင်း၊ ဆေးရုံနှင့် စျေးတစ်ခုတို့မှာ ရေလွှမ်းမိုးခံရသည်ဟု ရဲတပ်ဖွဲ့ကပြောသည်။

သီတင်းပတ်ပေါင်းများစွာကြာ မိုးသည်းထန်စွာရွာသွန်းမှု၊ အယ်နီညိုရာသီဥတုအခြေအနေတို့ကြောင့် အရှေ့အာဖရိကဒေသအများအပြားတွင် သဘာဝဘေးများသင့်နေကြောင်း သိရသည်။

*Ref: TST*

နေပြည်တော်  မေ  ၅

# မရမ်းကုန်းမြို့နယ်နှင့် ပုသိမ်မြို့တို့၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားများ ကျင်းပပြုလုပ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဆုရရှိသည့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြသစဉ်။

၂၀၂၄ ခုနှစ်၊ မေလ ၅ ရက်၊ ယနေ့တွင် ကျရောက်သော (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ် စစ်ရေးပြကွင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ တိုင်းမီးသတ်ဦးစီးဌာနမှူးရုံးတို့၌ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်များက (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား မိန့်ခွန်းများ အသီးသီး ပြောကြားကြသည်။ ထို့နောက် သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုရရှိကြသည့်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြပြီး ပြခန်းများတွင် ခင်းကျင်းပြသထားသည့် မီးသတ်ပစ္စည်းကိရိယာများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

### ပဲ နဲ့ ဘဲ

**(ယမန်နေ့မှအဆက်)**

**"သူပဲ၊ ငါပဲ၊ မင်းပဲ၊ ကိုယ်ပဲ"** ဆိုတာမျိုးတွေမှာလည်း စင်စစ် သူပင်ဖြစ်တယ်၊ သူအမှန်တကယ်ဖြစ်တယ်၊ စင်စစ် ငါပင်ဖြစ်တယ်၊ ငါ အမှန်တကယ်ဖြစ်တယ်ဆိုတဲ့သဘောပါပဲ၊ **"အိမ်ပဲ၊ ကျောင်းပဲ၊ အဖေပဲ၊ အမေပဲ"** စတဲ့သာဓကတွေကိုလည်း ဒီလိုပဲ အဓိပ္ပာယ်ပြန်ဆို၊ ဒီလိုပဲသိရမှာပါ။

**"ပဲ"** ကို ကြိယာ စတာတွေနဲ့တွဲပြီး သုံးပုံလေးတွေကိုလည်း ကြည့်လိုက်ကြဦးစို့။ **"စားရုံပဲ စားတယ်၊ ဖတ်ရုံပဲ ဖတ်တယ်၊ စားပဲ စားနိုင်လွန်းတယ်၊ တတ်ပဲတတ်နိုင်တယ်၊ သိသားပဲ၊ ဟုတ်သားပဲ၊ အမှန်ပါပဲ၊ တကယ်ပဲ၊ တစ်နေကုန်ပဲ၊ ဒီလောက်ပဲ၊ မေးဖော်ရတာကိုပဲ ကျေနပ်လှပါပြီ"** ဆိုတဲ့ အသုံးမျိုးတွေပါ။ အခုဖော်ပြထားတဲ့ **"စားရုံပဲ စားတယ်၊ ဖတ်ရုံပဲ ဖတ်တယ်"** ဆိုတဲ့ အသုံးမျိုးတွေပါ။ အခုဖော်ပြထားတဲ့ **"စားရုံပဲ စားတယ်၊ ဖတ်ရုံပဲ ဖတ်တယ်"** ဆိုတဲ့ သာဓကတွေမှာ **"ပဲ"** ဟာ **"စား၊ ဖတ်"** ဆိုတဲ့ ကြိယာတွေရဲ့အနက်ကို ကန့်သတ်တဲ့သဘောပါ။ ကျန်သာဓကတွေမှာပါတဲ့ **"ပဲ"** တွေဟာလည်း ဆိုင်ရာကြိယာတွေရဲ့အနက်ကို ကန့်သတ်တဲ့သဘော၊ လေးနက်စေတဲ့ သဘောနဲ့ အထူးပြုတာကိုတွေ့နိုင်ပါတယ်။

ကောင်းပြီ။ **"ပဲ"** အသုံးကို ဒီလောက်နဲ့ခဏထားပြီး **"ဘဲ"** အသုံးကို ဆက်ကြည့်ကြမယ်။ **"ဘဲ"** ကို ကြိယာအနက်ကို တားမြစ်လိုတဲ့အခါမှာသုံးတယ်ဆိုတော့ တားမြစ်တဲ့သဘောရှိတဲ့ပစ္စည်း **"မ"** နဲ့ တွဲသုံးတယ်လို့မှတ်ရင် မလွယ်ပေဘူးလား။ (**"မ"** ကို မြန်မာသဒ္ဒါမှာ အငြင်းပြပစ္စည်းလို့ခေါ်တာ ညီလေးသိပြီးဖြစ်မှာပါ။) အဲဒီတော့ ကြိယာ သို့မဟုတ် နာမဝိသေသနရဲ့ရှေ့မှာ **"မ"** ကိုထား၊ ကြိယာ သို့မဟုတ် နာမဝိသေသနရဲ့နောက်မှာတော့ **"ဘဲ"** ကိုထားပြီး သုံးရမယ်လို့ မှတ်လိုက်တာပဲပေါ့။ သာဓကအနေနဲ့ပြောရရင် **"မစားဘဲ၊ မသောက်ဘဲ၊ မသွားဘဲ၊ မလာဘဲ၊ မသိဘဲ၊ မမှတ်ဘဲ"** ဆိုတာတွေလို ကြိယာနဲ့ တွဲသုံးတဲ့အခါမျိုးတွေမှာလည်း **"မ. . . ဘဲ"** ကို သုံးတယ်။ **"မကောင်းဘဲ၊ မလှဘဲ၊ မချိုဘဲ၊ မခါးဘဲ၊ မအေးဘဲ၊ မပူဘဲ၊ မဖြူဘဲ၊ မညိုဘဲ"** ဆိုတာတွေလို နာမဝိသေသနတွေနဲ့ တွဲပြီးသုံးတဲ့အခါမျိုးတွေမှာလည်း **"မ. . . . . . ဘဲ"** ကို သုံးတယ်လို့မှတ်လိုက်ရင် လွယ်မယ်ထင်ပါတယ်။

ညီလေး **"ပဲ"** နဲ့ **"ဘဲ"** ကို **"ဘယ်နေရာမှာ ဘယ်လို"** သုံးရမယ်ဆိုတာ သိလောက်ပြီထင်ပါရဲ့နော်။ အခုဆက်ပြီး **"ပဲ"** နဲ့ **"ဘဲ"** ကို **"ဘာကြောင့်"** ခွဲသုံးရတယ်ဆိုတာ ကြည့်ကြရအောင်လား။

တကယ်တော့ **"ပဲ"** ဟာ **"ပင်"** နဲ့ အနက်အတူတူပါပဲ။ **"ပင်"** ဟာလည်း ကြိယာနဲ့ နာမ်ရဲ့အနက်ကို လေးနက်အောင်ထောက်ပံ့တဲ့စကားလုံးပါ။ ရှေးကတော့ အထူးသဖြင့် ပျို့၊ ကဗျာ၊ လင်္ကာတွေမှာ **"ပက်"** လို့လည်း ရေးကြသုံးကြပါတယ်။ ညီလေးမှတ်ထားဖို့ကတော့ **"ပင်၊ ပက်၊ ပဲ"** တို့ဟာ အနက်တူတယ်ဆိုတဲ့အချက်ပါပဲ။ မူလအနက်ကတော့ **"ပေါင်းစည်း၊ ဆက်စပ်"** အနက်ဖြစ်ပါတယ်။ **"စင်စစ်"** လို့ အနက်ပြန်ရင်လည်း ရကောင်းပါတယ်။ **"တကယ်၊ ချည်း၊ သာ၊ သာလျှင်"** တို့နဲ့လည်း ဖလှယ်ကြည့်နိုင်ပါတယ်။

ဒါကြောင့် **"လူပဲ၊ နတ်ပဲ၊ အဖေပဲ၊ အမေပဲ"** လို့ဆိုရင် **"လူပင်၊ နတ်ပင်၊ အဖေပင်၊ အမေပင်"** လို့လည်း ပြောလို့ရပါတယ်။ **"လူစင်စစ်(ဖြစ်တယ်)၊ နတ်စင်စစ်(ဖြစ်တယ်)၊ အဖေစင်စစ်(ဖြစ်တယ်)၊ အမေစင်စစ်(ဖြစ်တယ်)"** လို့လည်း အနက်ဖွင့်နိုင်ပါတယ်။ တကယ့်ကို လူဖြစ်တယ်။ တကယ့်ကို နတ်ဖြစ်တယ် စသည်ဖြင့်လည်း အနက်ပြန်ကြည့်နိုင်ပါတယ်။ စားရုံပဲစားတယ်ဆိုရင် စားရုံသာစားတယ်၊ စားခြင်းကိုသာလျှင်ပြုတယ် စသည်ဖြင့် ပြောနိုင်ပါတယ်။ အိပ်ပဲနေတယ်ဆိုရင် အိပ်ချည်းနေတယ်ပေါ့။ အဲဒီတော့ **"ပဲ"** နဲ့ ရေးရမှာလား။ **"ဘဲ"** နဲ့ ရေးရမှာလား မသေမချာ ဇဝေဇဝါဖြစ်နေရင် **"ပင်"** နဲ့ ဖလှယ်ကြည့်။

တကယ်၊ ချည်း၊ သာ၊ သာလျှင်၊ စင်စစ်တို့နဲ့ ဖလှယ်ကြည့်၊ ချိန်ထိုးကြည့်နိုင်တယ်လေ။

**"ဘဲ"** နဲ့ပတ်သက်လို့ အနက်သိချင်ရင်တော့ **"ဖဲ"** မှာ ရှာရမှာနော်။ **"ဖဲ"** မှာမှ အနက်ရှိတယ်။ **"ဖဲ"** ရဲ့အနက်က **"ဖဲကြဉ်"**၊ **"ဖဲခွာ"** တဲ့ သဘောပါပဲ။ ရှောင်ကြဉ်၊ တားမြစ်၊ ငြင်းပယ်တဲ့ သဘောရှိပါတယ်။ ဒါကြောင့် **"မသွားဘဲ၊ မလာဘဲ၊ မစားဘဲ၊ မသောက်ဘဲ"** လို့ပြောရင် **"မသွားမူ၍၊ သွားခြင်းကိုဖဲကြဉ်၍၊ မလာမူ၍၊ လာခြင်းကိုဖဲကြဉ်၍၊ မစားမူ၍၊ စားခြင်းကိုဖဲကြဉ်၍၊ မသောက်မူ၍၊ သောက်ခြင်းကို ဖဲကြဉ်၍"** ရယ်လို့ အနက်အဓိပ္ပာယ်ရှိသွားမှာပါ။ ညီလေးအနေနဲ့ ခပ်လွယ်လွယ်မှတ်ချင်ရင်တော့ ယေဘုယျအားဖြင့် **"မ-နဲ့ တွဲရင် ဘဲပါပဲ"**

ဒီနေရာမှာ ညီလေးကို ခြွင်းချက်အဖြစ်မှာထားချင်တာကတော့ **"ပဲ"** နဲ့ **"ဘဲ"** မှာ **"ပဲ"** ကျတော့ အနက်စွဲအရေးကို လက်ခံထားတယ်။ **"ဘဲ"** ကျတော့ အသံစွဲအရေးကို လက်ခံထားတယ်ဆိုတဲ့အချက်ပါပဲ။

စာလည်းရှည်သွားပြီ။ နောက်စာကျမှ အဲဒီအနက်စွဲ၊ အသံစွဲကိစ္စတို့၊ ဖူးနဲ့ဘူး၊ ဖက်နဲ့ဘက် ကိစ္စတို့ကို ပြောကြစို့ရဲ့။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေကွယ်။**

**ကိုကြီး**

**ပင်နှင့် လှယ်က၊ အနက်ရ၊ မုချမလွဲ၊ ပစောက်ပဲ။**
**တကယ်၊ ချည်း၊ သာ၊ သာလျှင် ပါ၊ နက်မှာမှတ်စွဲ၊ စင်စစ်ပဲ။**
**မ နှင့်တွဲက၊ ယေဘုယျ၊ မှတ်ကြအမြဲ၊ ဘကုန်း ဘဲ။**

ပဲ - ပင်၊ တကယ်၊ ချည်း၊ သာ၊
သာလျှင်၊ စင်စစ်။
ဘဲ - မ. . . ဘဲ။ (မစားဘဲ၊ မလှဘဲ စသည်)

# နံနက်စာကို အသားရော အသီးအနှံပါ စုံလင်စွာ စားသောက်သင့်သည်။

နေပြည်တော် မေ ၅

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေလ ၆ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် မေ ၅

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ





မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးပူးပေါင်းအဖွဲ့သည် ယမန်နေ့ညနေ ၃ နာရီက တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်တွင် ဂျိုကူ(ခ)ခွန်သား မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ အလားတူပူးပေါင်းအဖွဲ့သည် ညနေ ၅ နာရီတွင် တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်ရှိ အားမို၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀၀၀ ကိုလည်းကောင်း၊ ဘိန်းဖြူ သုညဒသမ ဝ၆ ကီလိုကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် နံနက် ၁၁ နာရီတွင် တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်ရှိ မထက်ထက်ဖြိုးလင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် မေ ၅

# မတ္တရာမြို့နယ်၊ ချောင်းတော်ဝကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကိုလှုံ့ဆော်ရေးသားဝါဒဖြန့်ဝေလျက်ရှိ




မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ချောင်းတော်ဝကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မေလ ၄ ရက်နေ့တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါမီးရှို့မှုကြောင့် နေအိမ် ၂၀ ကျော် မီးလောင်ပြာကျခဲ့သည်ဟု တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်မှာ PDF အမည်ခံအကြမ်းဖက်သမားများကို အားပေးထောက်ခံခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို လက်ခံခြင်းမရှိသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ မတ္တရာမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ မေလ ၄ ရက်နေ့တွင် ချောင်းတော်ဝကျေးရွာအနီးရောက်ရှိနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကျေးရွာစာသင်ကျောင်းအတွင်းမှ အကာအကွယ်ယူ၍ အကြမ်းဖက်သမားများက စတင်ပစ်ခတ်ခဲ့ကြောင်း၊ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများက ကျေးရွာအတွင်းမှ ထွက်ပြေးသွားခဲ့ရာ ၎င်းတို့ထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ နေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့သည့်အတွက် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် အဆိုပါစာသင်ကျောင်းအတွင်းမှ လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် မြို့ရွာများတည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့်အုပ်ချုပ်မှုယန္တရားများပျက်ပြားစေရန်အတွက် ပြည်သူများနေထိုင်ရာ မြို့ ရွာများကို ယခုကဲ့သို့မီးရှို့ဖျက်ဆီးပြီး လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် မေ ၅

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thet Thet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁) ရပ်ကွက်နေ မြင့်မြတ်သူ(ခ)မြတ်သူအား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ "Than Zaw Lin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ စကော့ပေါ်ကျေးရွာနေ စသန်းဇော်လင်း(ခ) ငသန်းအား ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

နေပြည်တော် မေ ၅

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်ချင်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသခြင်းများဆောင်ရွက်

## တောင်ကြီး

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကံကြီးရပ်ကွက် တောင်ကြီးဟိုပုံးလမ်းရှိ တောင်ကြီးခရိုင် မီးသတ်ဦးစီးဌာနရုံး၌ မေလ ၅ ရက် နံနက်ပိုင်းတွင် (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ စစ်ရေးပြတပ်စုများက နိုင်ငံတော်အလံအား အလေးပြုပြီးကျဆုံးလေပြီးသော တပ်ဖွဲ့ဝင်များအား အလေးပြုကာသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က စခန်းသာယာလှပရေးဆုရရှိသော ပင်းတယမြို့နယ်မီးသတ်စခန်းနှင့် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး စွမ်းရည်အမျိုးမျိုးတို့ကို သရုပ်ပြသကြပြီးပြည်နယ်ဝန်ကြီးချုပ်က စွမ်းရည်ပြသည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ပံ့ပိုးငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများကို ကြည့်ရှုကြောင်း သိရသည်။

(၄၀၅)

## ပဲခူး

ပဲခူးမြို့ မြို့တော်ခန်းမ၌ မေလ ၅ ရက် နံနက်ပိုင်းတွင် (၇၈) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတက်ရောက်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်တို့က ဆုရရှိသူနှင့်လုပ်သက် ၂၅ နှစ်အထက် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဆုများပေးအပ်ကြသည်။

ယင်းနောက် (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုVideo Clip အား ကြည့်ရှုကြပြီး ဆုရမီးသတ်တပ်ဖွဲ့ဝင်များနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။



ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များကသရုပ်ပြသခြင်းများ ဆောင်ရွက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး မီးသတ်သရုပ်ပြသသည့် တပ်ဖွဲ့ဝင်များနှင့် ပါဝင်ကူညီဆောင်ရွက်ခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဝန်ကြီးချုပ်က ပံ့ပိုးငွေများပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဝယ်ယူပေးထားသည့် မီးသတ်အထောက်အကူပြုပစ္စည်းများအား လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။

၄၀၁၊ တင်စိုး(ပဲခူး)

## မိုးညှင်း

ကချင်ပြည်နယ် မိုးညှင်းမြို့၌ (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားနှင့်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသခြင်းများကို မေလ ၄ ရက် နံနက်ပိုင်းတွင် ခရိုင်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်က မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ခရိုင်မီးသတ်ဦးစီးဌာနမှ ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်း အမျိုးအစားများကို ခင်းကျင်းပြသထားရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မီးသတ်သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် သဏ္ဌာန်တူသရုပ်ပြသခြင်းများကို ဆက်လက်ဆောင်ရွက်ရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးကြောင်း သိရသည်။

ရွှေမိုးညှင်း

## စစ်ကိုင်း

(၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းခရိုင်/ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ စစ်ကိုင်းမြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ မေလ ၄ ရက်တွင် စုပေါင်းသွေးလှူဒါန်းကြသည်။

"ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်များအနေနဲ့ စုပေါင်းသွေးလှူဒါန်းမှုကို နှစ်စဉ်လှူဒါန်းဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ သွေးလှူဒါန်းပြီးရင် ဇေယျာရပ်ကွက်ရှိ အိမ်ထောင်စု ၅၀၊ လူဦးရေ ၂၀၀ အတွက် သောက်သုံးရေဂါလန်ပေါင်း ၂၈၀၀ ကိုလည်း ဆက်လက်လှူဒါန်းပေးသွားဦးမှာပါ"ဟု မြို့နယ်မီးသတ်ဦးစီးမှူးက ပြောသည်။

စစ်ကိုင်းခရိုင် မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် စုပေါင်းသွေးလှူဒါန်းခြင်း၊ မီးဘေးအန္တရာယ်အသိပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ မီးဘေးကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ နွေရာသီသောက်သုံးရေ အခက်အခဲရှိသော ရပ်ကွက်/ ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်းပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးထံမှ သိရသည်။

ဇော်မြင့်နိုင်စစ်ကိုင်းခရိုင်(ပြန်/ဆက်)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်



မန္တလေး မေ ၅

မန္တလေးတိုင်းဒေသကြီး (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးမြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ မြန်မာနိုင်ငံ၏ မီးသတ်တပ်ဖွဲ့သမိုင်းကိုကြည့်ပါက ပုဂံခေတ်မှ စတင်ခဲ့ရာ နှစ်ပေါင်း၁၀၀၀ နီးပါးရှိခဲ့သည်ကို ဂုဏ်ယူဖွယ်ရာတွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံကျင်းပခဲ့သည့် မေလ ၅ ရက်နေ့ကို အစွဲပြုပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အဖြစ် ကျင်းပလာခဲ့ရာ ယနေ့ဆိုရင် ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့်ရည်မှန်းချက် (၄) ရပ်ဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ချမ်းသာကိုစောင့်ရှောက်ကာကွယ်ပေးနေပါကြောင်း၊ စွန့်လွှတ်မှုများ၊ စွန့်စားမှုများ၊ အသက်နှင့် ခန္ဓာပေးဆပ်ပြီး လုပ်ရသည့်လုပ်ငန်းများဖြစ်သည့်အတွက် တန်ဖိုးထား ချီးကျူးဂုဏ်ပြုပါကြောင်း၊ စွန့်လွှတ်စွန့်စားပြီး စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း နိုင်ငံတော်က စွမ်းရည်သတ္တိဆိုင်ရာနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်၊ ဘွဲ့ထူးဂုဏ်ထူးများကို ချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ ပေးဆပ်မှုအနည်းဆုံးဖြစ်ရန် ခေတ်စနစ်နှင့်အညီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် နည်းပညာများကို မျက်ခြည်မပြတ်လေ့လာဆည်းပူးပြီး စဉ်ဆက်မပြတ်လေ့ကျင့်မှုဖြင့် အရည်အချင်းပြည့်ဝအောင် ကြိုးစားဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက သားကောင်းမီးသတ် အာဇာနည်မီးသတ်တပ်ဖွဲ့ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးတပ်နယ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက စံပြမီးသတ်စခန်းဆု၊ အပေါ့စားမီးသတ်စက်ကလေး လေ့ကျင့်ခန်းပြိုင်ပွဲနှင့် လက်နက်မဲ့စစ်ရေးပြပြိုင်ပွဲများ၊ ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် တက်ရောက်ခဲ့သည့် သင်တန်းများတွင် ဆုရရှိသူများအား ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ခဲ့ပြီး နှုတ်ဆက်အားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတို့က ဆောင်ရွက်ခဲ့သည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ချက်များ ပြသသည့် Video Clip ကို ကြည့်ရှုအားပေးပြီး မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များ၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ ပြသထားမှု၊ မီးငြိမ်းသတ်လုပ်ငန်းများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် စက်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ ပြသထားမှုကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကော့သောင်းမြို့၌ (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

ကော့သောင်း မေ ၅

(၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့ ခရိုင်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး တာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့ဆိုင်ရာ ဂုဏ်ပြုဆုရရှိကြသော ကော့သောင်းခရိုင် သန္နေမီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များပေးအပ်ခြင်းနှင့် မီးငြိမ်းသတ်ရာ၌ ရေများလှူဒါန်းပေးပါသော စေတနာရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ်ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ Video Clip ကို ပြသသည်။ ယင်းနောက် တာဝန်ရှိသူများက မြေညီထပ်တွင် ပြသထားသော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ၊ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ကော့သောင်းခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာန၏ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုကြပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးသူဝင်းနှင့်တပ်ဖွဲ့ဝင်များက သိလိုသည်များကို ရှင်းလင်းပြောကြားသည်။

ခရိုင်(ပြန်/ဆက်)

## လွိုင်လင်မြို့၌ (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

လွိုင်လင် မေ ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့တွင် (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်လင်မြို့နယ် မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုခြင်းကို မီးသတ်တပ်ဖွဲ့ဝင်များက ဦးဆောင်၍ ဆောင်ရွက်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးသရုပ်ပြသခြင်း၊ မီးငြိမ်းသတ်ရေး စွမ်းရည်သရုပ်ပြသခြင်းများကို ပြသကြပြီး (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ရောင်စုံရေပန်းအလှများဖြင့် ဂုဏ်ပြုသရုပ်ပြသကြရာ ပြသထားသည့်ပြခန်းများကို ကြည့်ရှုအားပေးကြသည်။



ခရိုင်(ပြန်/ဆက်)

## သာစည်မြို့နယ်၌ (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

သာစည် မေ ၅

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက မြို့နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းကို ဖတ်ကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြင်ပသင်တန်းတက်ရောက်ရာ၌ ပထမဆုရရှိခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်အား လည်းကောင်း၊ တစ်နှစ်အတွင်း ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆုရရှိသည့် တပ်ဖွဲ့ဝင်အားလည်းကောင်း၊ နေအိမ်လိုင်းခန်း သန့်ရှင်းမှုအကောင်းဆုံးဆုရရှိသူအား လည်းကောင်း ဆုများ ချီးမြှင့်သည်။ ဆက်လက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုငွေများပေးအပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက လက်ခံရယူသည်။ ထို့နောက် တပ်ဖွဲ့ဝင်များက ဆီသယ်ယာဉ်မီးလောင်မှုမီးငြိမ်းသတ်နည်းကို သရုပ်ပြသခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## လင်းခေးမြို့၌ (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

လင်းခေး မေ ၅

(၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် လင်းခေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းက (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသခြင်းကို ဆောင်ရွက်ကြရာ ခရိုင်စီမံအုပ်ချုပ်ရေးမှူးနှင့်တက်ရောက်လာကြသော ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

နေပြည်တော် မေ ၅

# ဘူးသီးတောင်မြို့၊ မြို့ပေါ်ရပ်ကွက်များမှ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကိုလိုလားသည့် ဘင်္ဂါလီလူမျိုးများ AA အကြမ်းဖက်သောင်းကျန်းသူများ၏အကြမ်းဖက်လုပ်ရပ်များအပေါ် ကန့်ကွက်ဆန္ဒပြ




ဘူးသီးတောင်မြို့၊ မြို့ပေါ်ရပ်ကွက်များမှ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကိုလိုလားသည့် ဘင်္ဂါလီလူမျိုးများ AA အကြမ်းဖက်သောင်းကျန်းသူများ၏အကြမ်းဖက်လုပ်ရပ်များအပေါ် ကန့်ကွက်ဆန္ဒပြစဉ်။

ရခိုင်ပြည်နယ်အတွင်း၌ ဒေသခံပြည်သူများအနေဖြင့် အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသည်ကို AA အကြမ်းဖက်သောင်းကျန်းသူများက မနာလိုမရှုဆိတ်ဖြင့် စစ်ရေးပစ်မှတ်မဟုတ်သော မြို့၊ ရွာများနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိပစ်ခတ်တိုက်ခိုက်ခဲ့မှုများကြောင့် အပြစ်မဲ့ဒေသခံပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့မှုဖြစ်ပေါ်ခဲ့ကြောင်း သတင်းများထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုသို့ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံဘဲ ဆန့်ကျင်ကန့်ကွက်မှုများ ဆောင်ရွက်လျက်ရှိရာ မေလ ၄ ရက် ညနေပိုင်းတွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ မြို့ပေါ်ရပ်ကွက်များမှ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကိုလိုလားသော ဘင်္ဂါလီလူမျိုး အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၂၀၀၀ ဦးခန့်သည် အဆိုပါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနေရာသို့ စုဝေးရောက်ရှိလာပြီး ၎င်းနေရာမှ မေယုလမ်းမကြီးအတိုင်း နတ်ပင်ရင်းလမ်းဆုံ၊ ၎င်းမှ အေးစေတီလမ်းဆုံနှင့် ဘောလုံးကွင်းလမ်းအတိုင်း၊ ၎င်းနေရာမှ မူလစုရပ်နေရာသို့ ငြိမ်းချမ်းစွာလှည့်လည်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ဆန္ဒဖော်ထုတ်ရာတွင် "AA အလိုမရှိ၊ ဘင်္ဂါလီလူမျိုးများအားအစုလိုက်အပြုံလိုက်သတ်ဖြတ်သည့် AA အဖွဲ့အား ICJ အရေးယူပေးပါ၊ AA အကြမ်းဖက်အဖွဲ့ ဘင်္ဂါလီလူမျိုးများအား လူသားဒိုင်းပြုလုပ်မှု ချက်ချင်းရပ်၊ AA အကြမ်းဖက်အဖွဲ့ ဘင်္ဂါလီကျေးရွာ၊ ရပ်ကွက်များအား လက်နက်ကြီးဖြင့်ပစ်ခတ်မှု ချက်ချင်းရပ်၊ AA အကြမ်းဖက်အဖွဲ့ တိုက်ပွဲရှောင်နေရာများအား လက်နက်ကြီးဖြင့်ပစ်ခတ်မှု ချက်ချင်းရပ်"စသည့်စာသားများပါဆိုင်းဘုတ်များကိုင်ဆောင်ကာ မြန်မာ/ဘင်္ဂါလီ နှစ်ဘာသာဖြင့် ကြွေးကြော်၍ ငြိမ်းချမ်းစွာစီတန်းလှည့်လည်၍ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)





**သစ်တောထိန်းသိမ်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည့်ရှာ နိုင်ငံသာ၏**

**PCT CORPORATIONS GROUP COMPANY LIMITED**
**(အစုရှယ်ယာရှင်များ၏ဆန္ဒအရစာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**
**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း**

"PCT CORPORATIONS GROUP COMPANY LIMITED" သည် နောက်ဆုံးအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ၄ လ၊ (၃)ရက် ညနေ(၃း၀၀)နာရီအချိန်တွင် "THIRI MYAING STREET NO(4),HTAUK KYANT(SOUTHERN),MINGALARDON, TOWNSHIP, YANGON" တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့်အတူ စာရင်းရှင်းတမ်းများတင်ပြပါမည်။

**ဦးဇင်ဝေ**
**B.COM(AA):C.P.A(၂၁၀)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အမှတ်(၁)ထင်းတန်းရပ်ကွက်နေ အဘ ဦးချိုလေး၊ အမိ ဒေါ်အေးအေးခိုင်တို့၏သမီး ၈/ရစက(နိုင်)၂၅၉၉၀၉ ကိုင်ဆောင်သူ မခိုင်သဇင်သည် မိဘများ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ မိဘများအားစိတ်ဆင်းရဲအောင်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးချိုလေး+ဒေါ်အေးအေးခိုင်**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ချင်းသပြေပင် အ. ထ. က(ခွဲ)(G-4)မှ မောင်အောင်မိုးစက် ကျောင်းဝင်အမှတ် ၀၁၁၀ ၏ဖခင် ဦးဇေယျာထွန်း၏အမည်မှန်မှာ ဦးဇေယျာ ၈/တတက(နိုင်)၁၈၂၉၂၃ ဖြစ်ပါကြောင်း။ **ဦးဇေယျာ**

**ပျောက်ဆုံးကြောင်း**

အေးနှင်းစိုး(ဘ)ဦးကျော်စိုး ၉/ပဘန(နိုင်)၂၄၅၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၁၂၀၃၆၃**

**ပျောက်ဆုံးကြောင်း**

ညီညီထွေး(ဘ)ဦးစံမြင့် ၁၂/ဥကတ(နိုင်)၁၇၈၉၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၉၄၁၉၆၅**

**ပျောက်ဆုံးကြောင်း**

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နေ အဘ ဦးတင်စိုး၏သမီး မအိမွန်ဝေ ၁၄/ကပန(နိုင်)၁၃၈၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၄၉၆၀၇**

**ပျောက်ဆုံးကြောင်း**

နိုင်ဝင်းထွန်း(ဘ)ဦးဝင်းအောင် ၁၂/ကတန(နိုင်)၀၈၅၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၂၉၀၂၁၀**

**ပျောက်ဆုံးကြောင်း**

ခင်စိုးစိုးစံ(ဘ)ဦးအောင်ဇော်မိုး ၁/မကန(နိုင်)၁၅၃၇၄၁ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(ME 956445)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၆၆၄၃၄၃၈**

**ပျောက်ဆုံးကြောင်း**

စကားဝါလှိုင်(ဘ)ဦးဝင်းလှိုင် ၉/တသန(နိုင်)၂၃၂၇၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 741514)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ကွမ်းခြံကြီးရွာနေ ဆင့်ဆင့်ဖြိုး(ဘ)မျိုးချစ် ၁၄/မမန(နိုင်)၂၉၈၈၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 682671)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၄၃၂၃၁၃**

**ပျောက်ဆုံးကြောင်း**

ယမင်းမမ(ဘ)ဦးအောင်ကြည်ဝင်း ၁၃/မမတ(နိုင်)၀၄၇၃၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

မြတ်ဆုမွန်အောင်(ဘ)ဦးတင်မောင်သန်း ၁၂/ဗဟန(နိုင်)၁၀၀၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 044292)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

မြတ်သူလွင်(ဘ)ဦးမြင့်လွင် ၇/ဝမန(နိုင်)၁၉၅၀၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

မိုင်သျှား(ဘ)ဦးဒုဘိခ် ၁၁/မပတ(နိုင်)၀၃၅၉၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 291640)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

အောင်လွင်(ဘ)ဦးသန်းမြင့် ၁၂/မဂတ(နိုင်)၀၉၆၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၁၂၈၅၃၅၈**

**ပျောက်ဆုံးကြောင်း**

ခင်မိုးဆွေ(ဘ)ဦးညွန့်လွင် ၅/ခပန(နိုင်)၀၁၁၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 002248)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

နော်ယဉ်ယဉ်မွန်(ဘ)ဦးလုဝင်းထွန်း ၁၄/ညတန(နိုင်)၁၀၄၃၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ခင်ခင်တင့်(ဘ)ဦးရန်စု ၁၂/ဥကတ(နိုင်)၀၅၆၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

နေပြည်တော်　မေ　၅

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များဖမ်းဆီးရမိ



ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **မေလ ၂ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် အရစ်ပါသံချောင်း (၅၈၅)ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း(၅)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၉၉၄၈)** ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **မေလ ၂ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ် Prestige ပဲပုပ်စေ့အမှုန့် ကီလိုဂရမ်(၂၅၀၀၀)၊ ကိုရီးယားနိုင်ငံထုတ် Sun Cream နေရောင်ခံလိမ်းဆေး ဘူး(၆၀၀၀)အပါအဝင် ကုန်ပစ္စည်း(၈)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Bus (၁)စီး၊ Hino Profia Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၃ ရက်**တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့နယ်၌ တရားမဝင် အခြားသစ် (၅ ဒသမ ၆၁၄)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၃၅၀၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **မေလ ၃ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေညောင်-ရပ်စောက်လမ်း၊ ရေပူရွာအနီး၌ လားရှိုးမြို့မှ တောင်ကြီးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ခေါက်ဆွဲခြောက်ထုပ်(၇၅၆)ထုပ်၊ အသားတုပြား (အစပ်) အထုပ်(၁၉၈၀၀)၊ ကြက်အူချောင်း (၉၆၁၀)ထုပ်အပါအဝင် ကုန်ပစ္စည်း(၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၆၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၃ ရက်**တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့၌ တရားမဝင်ကျွန်းသစ်(၂ ဒသမ ၉၆၁)တန်နှင့် အခြားသစ် (၄ ဒသမ ၅၁၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၄၂၂၉)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပျဉ်းမနားမြို့နယ်၊ ဆင်သေကျေးရွာရှိ ဉယျာဉ်ဘုန်းကြီးကျောင်းတိုက်အတွင်း၌ လိုင်စင်မဲ့ Nissan Fairlady မော်တော်ယာဉ်(၁)စီး၊ Toyota Alphard မော်တော်ယာဉ်(၁)စီး၊ Toyota Hybird မော်တော်ယာဉ်(၁)စီးနှင့် Honda Fit မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄၀၇၄၂၂၉)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။




ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မေလ ၃ ရက်**တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သထုံမြို့မှ ပဲခူးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ပွစွန်နှစ်ကောင်စားအုန်းဆီ(၂)လီတာပါ ဘူး(၁၀၂၀)အပါအဝင် ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **မေလ ၄ ရက်**တွင် ပဲခူးခရိုင်နှင့် ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၇၃၉)တန်နှင့် သစ်မာ(၁ ဒသမ ၆၂၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၇၈၀၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၆၇၈၀၈)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေလ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၅၅၅၄၈၉)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၅-၂၀၂၄　　ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၃၅ | ၂၉၀၀ | ၂၈၈၅ | ၂၈၄၀ | ၂၉၀၀ | ၂၉၁၅ | ၂၉၂၀ | ၂၈၈၀ | ၃၀၂၀ | ၃၀၄၅ | ၂၈၉၀ | ၂၉၀၅ | ၂၉၃၅ | ၂၉၃၀ | ၂၉၄၀ | ၃၃၆၅ | ၃၄၅၀ |
| 95 Ron | ၂၉၄၅ | ၃၀၁၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၁၀ | ၃၀၂၅ | ၃၀၃၀ | ၂၉၉၀ | ၃၁၃၀ | ၃၀၅၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၄၅ | ၃၀၄၀ | ၃၀၅၀ | ၃၄၇၅ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၆၅ | ၂၄၅၀ | ၂၄၁၀ | ၂၄၆၅ | ၂၄၈၅ | ၂၄၉၀ | ၂၄၅၀ | ၂၅၈၅ | ၂၆၁၀ | ၂၄၅၅ | ၂၄၇၀ | ၂၅၀၅ | ၂၄၉၅ | ၂၅၀၅ | ၂၉၃၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၅၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၁၅ | ၂၅၃၀ | ၂၅၃၅ | ၂၄၉၅ | ၂၆၃၅ | ၂၆၆၀ | ၂၅၀၅ | ၂၅၂၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၉၈၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၅၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၁၅ | ၂၅၃၀ | ၂၅၃၅ | ၂၄၉၅ | ၂၆၃၅ | ၂၆၆၀ | ၂၅၀၅ | ၂၅၂၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၉၈၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၉၇ | ၂၇၈၅ |
| 95 Ron | ၂၈၀၄ | ၂၈၉၄ |
| HSD (500 ppm) | ၂၂၇၇ | ၂၃၅၃ |
| HSD (50 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (10 ppm) | ၂၃၂၄ | ၂၄၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ကသာ မေ ၅

# ကသာခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီဧက ၂၃၈၀ နုတ်သိမ်းပြီးစီးပြီဖြစ်



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီဧက ၂၃၈၀ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကသာခရိုင်၌ စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ နုတ်သိမ်းခဲ့ကြရာ လက်ရှိအချိန်ထိ ဧက ၂၃၈၀ နုတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ပိဿာချိန် ၅၁၇၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကသာခရိုင်မှာ ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီဧက ၂၃၈၀ စိုက်ပျိုးထားပါတယ်။ လက်ရှိအချိန်မှာ ဧကအားလုံး နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်းကောင်းပါတယ်။ လျာထားဧကထက်လည်း တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီတွေ ဈေးကောင်းရဖို့လည်း ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးကပြောသည်။

ကသာခရိုင်အတွင်း မြို့နယ်အလိုက် ကြက်သွန်နီ နုတ်သိမ်းပြီးစီးမှုအနေဖြင့် ကသာမြို့နယ်၌ ၁၁၈ ဧက၊ အင်းတော်မြို့နယ်၌ ဧက ၄၂၀၊ ထီးချိုင့်မြို့နယ်၌ ၁၀၂၅ ဧကနှင့် ဗန်းမောက်မြို့နယ်၌ ၈၁၇ ဧက စုစုပေါင်း ဧက ၂၃၈၀ ဖြစ်သည်။

ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ကသာခရိုင်၌ ကြက်သွန်နီ ၁၆၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စိုက်ပျိုးခဲ့ရာ ကသာမြို့နယ်၌ ၁၁၈ ဧက၊ အင်းတော်မြို့နယ်၌ ဧက ၄၂၀၊ ထီးချိုင့်မြို့နယ်၌ ၁၀၂၅ ဧကနှင့် ဗန်းမောက်မြို့နယ်၌ ၈၁၇ ဧက စုစုပေါင်း ဧက ၂၃၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကြက်သွန်စိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို တာရှည်အထားခံနိုင်ရန် နည်းပညာပေးခြင်းအပြင် GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီရရှိစေရန်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်နီစိုက်ပျိုးရာတွင် တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့် ကုန်ကျပြီး ပိဿာချိန် ၅၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။ (၄၀၉)

---

ပန်းတနော် မေ ၅

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်မော်မော်၏ပြောပြချက်အရ သိရသည်။

ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် မတ်လအတွင်းက ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို ဧပြီလအတွင်းမှာ ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိဒေသထွက်နွေစပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်"ဟု ဒေါ်မော်မော်က ပြောသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ထိုင်းဘောကျားဆန်များ တင်ပို့ရောင်းချနေရခြင်းကြောင့် လုပ်ငန်းရှင်များ၊ တောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

---

နေပြည်တော် မေ ၅

# ဆီဆိုင်မြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများက ဆီဆိုင်-စံကားလမ်း(ဆီဆိုင်မြို့နှင့် ဝိန်းကောင်ရွာကြား)ရှိ တံတားအမှတ် ၅/၅ ဝိန်းကောင်သံကူကွန်ကရစ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

ဒေသအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများခရီးသွားလာမှု လွယ်ကူမြန်ဆန်စေရေးအတွက် အခြေခံအဆောက်အဦဖြစ်သည့် လမ်း/တံတားများ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများက လမ်း/တံတားများအား လက်လုပ်မိုင်း၊ လက်လုပ်ဗုံးများဖြင့် မိုင်းထောင်ဖောက်ခွဲ၊ တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားနည်းပါးစွာဖြင့် ကျူးလွန်ပြုလုပ်လျက်ရှိသည်။

ထိုသို့ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းများပြုလုပ်လျက်ရှိရာ ဧပြီလ ၂၈ ရက်နေ့ မွန်းလွဲ ၁ နာရီ ၃၀ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ဆီဆိုင်မြို့နယ်၊ ဆီဆိုင်-စံကားလမ်း(ဆီဆိုင်မြို့နှင့် ဝိန်းကောင်ရွာကြား)ရှိ တံတားအမှတ် ၅/၅ ဝိန်းကောင်သံကူကွန်ကရစ်တံတားအား KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် ဆီဆိုင်ဘက်ခြမ်းတံတားအဝင်ကြမ်းခင်းနှင့် တံတားရက်မပျက်စီးခဲ့မှုကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိကြောင်း သိရှိရသည်။

ထိုသို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် သံကူကွန်ကရစ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။(၁၀၀)



အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဆီဆိုင်-စံကားလမ်း (ဆီဆိုင်မြို့နှင့် ဝိန်းကောင်ရွာကြား)ရှိ တံတားအမှတ် ၅/၅ ဝိန်းကောင်သံကူကွန်ကရစ်တံတားကို တွေ့ရစဉ်။

---

ပခုက္ကူ မေ ၅

# ပခုက္ကူမြို့နယ်၌ ဒေသန္တရစီမံကိန်းရည်မှန်းချက် လုပ်ငန်းတာဝန်ပေးအပ်

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်လုပ်ငန်း တာဝန်ပေးအပ်ပွဲကို မေလ ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြဧရာ(၁)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူမြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီအတွင်းရေးမှူး ဒေါ်လှဌေးမြင့်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) ဒေသန္တရစီမံကိန်းရည်မှန်းချက်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်တာဝန်ရှိသူများက ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပေးအပ်ကြသည်။

ပခုက္ကူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၈၄၁၄ ဒသမ ၄၂၆ သန်းဖြင့် လုပ်ငန်းပေါင်း ၄၃ ခုနှင့် တိုင်းဒေသကြီးခွင့်ပြုငွေ ငွေကျပ် ၂၀၉၆ ဒသမ ၆၀၇ သန်းဖြင့် လုပ်ငန်းပေါင်း ၉၄ ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**


SMART
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
Fresh LEMON
DAGON Lemon Barley Sparkling


ထုတ်လုပ်မှုသက်တမ်း ( ၂၀ ) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
RHINO
သုံးကြစို့ ....
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
RHINO CEMENT
RHINO PORTLAND CEMENT
OPC-BS-12-1996
STRENGTH CLASS 42.5 N
PRODUCT OF MEC
EXPORT QUALITY
PREMIUM QUALITY CEMENT

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက် ထုတ်ကုန်များ တူညီမှုရှိမည်မဟုတ်သဖြင့် ဒေသနှင့်သင့်လျော်ကိုက်ညီသည့်ထုတ်ကုန်များ အောင်မြင်စွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်အစိုးရမှ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသော မြန်မာနိုင်ငံသူတစ်ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်




**ရန်ကုန် မေ ၅**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့်နိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက မည်သို့သောအခြေအနေကြုံတွေ့ရသည့်တိုင် နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထား၍ မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများ ချိတ်ဆက်၍ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာအမြန်ဆုံး ပြန်လည်ရောက်ရှိရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ရီရတ်ဒ်မြို့ရှိ အာဏာပိုင်များနှင့်ညှိနှိုင်း၍ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ ဆော်ဒီအာရေဗျနိုင်ငံမှ ဒေသစံတော်ချိန် နံနက် ၃ နာရီ ၅၅ မိနစ်တွင် လေကြောင်း ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး ဒူဘိုင်းမှတစ်ဆင့် ဆက်လက်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ည ၁၀ နာရီတွင်ရောက်ရှိခဲ့ပြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မိဘဆွေမျိုးများက လှိုက်လှဲဝမ်းသာစွာဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အိမ်ဖော်အလုပ်ဖြင့် အခက်အခဲများစွာ ရင်ဆိုင်ခဲ့ရမှုနှင့်စပ်လျဉ်း၍ မခင်မျိုးမျိုးဦးက "သမီးက ဒလမြို့နယ်ကပါ။ မြန်မာအေးဂျင့်နဲ့ဆက်သွယ်ပြီး ဒူဘိုင်းကိုရောက်သွားတယ်။ ဒူဘိုင်းမှာ ရက် ၂၀ လောက်နေပြီး ဆော်ဒီအာရေဗျမှာအလုပ်ရှိတယ်ဆိုပြီး ရောက်သွားတာပါ။ အလုပ်ရှင်ရဲ့အိမ်မှာ တစ်နေ့ကို ၅ နာရီနီးပါးပဲအိပ်ပြီး အလုပ်လုပ်ရတယ်။ အခက်ခဲဆုံးအခြေအနေတွေကိုကျော်ဖြတ်ခဲ့ရတယ်။ ခါတ်လိုက်ပြီးလဲကျသွားတယ်။ လက်ကိုကွေးလို့မရတော့ဘူး။ မြန်မာသံရုံးက ကုသပေးလို့ကောင်းသွားတာပါ။ လုပ်ခလစာတော့ပေးတယ်။ အခက်အခဲကြုံရချိန်မှာ မြန်မာသံရုံးမှာ မြန်မာတစ်ဦးတော့ရှိမှာပဲဆိုပြီး အားကိုးတဲ့စိတ်နဲ့အရောက်သွားခဲ့ပါတယ်။ ဟိုရောက်တော့ သံမှူးကြီးက ထွက်ခေါ်တော့ အတိုင်းမသိဝမ်းသာဝမ်းနည်းဖြစ်ခဲ့တယ်။ **စာမျက်နှာ ၅ ကော်လံ ၁ ▶▶|**

## ဘူးသီးတောင်မြို့၊ မြို့ပေါ်ရပ်ကွက်များမှ ဒေသတည်ငြိမ်အေးချမ်းရေးနှင့်ငြိမ်းချမ်းရေးကိုလိုလားသည့် ဘင်္ဂါလီလူမျိုးများ AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ကန့်ကွက်ဆန္ဒပြ

စာ - ၂၈ သို့

## (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ၊ ပုလဲအတွဲပေါင်း ၁၉၇ တွဲ ရောင်းချနိုင်ခဲ့

စာ - ၁၁ သို့

## လူမှုစီးပွားမြင့်မားဖို့ တိုင်းရင်းကြက်ကိုမွေးကြစို့

ဆောင်းပါး စာ - ၁၂ သို့

### ၅-၅-၂၀၂၄ ထူးခြားသည့်နေ့အပူချိန်များ

| | | | | | |
|---|---|---|---|---|---|
| အောင်လံ | ၄၃ ဒသမ ၆ | ဒီဂရီဆဲလ်စီးယက် | မကွေး | ၄၁ ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် |
| ဇောင်းတူ | ၄၂ ဒသမ ၁ | ဒီဂရီဆဲလ်စီးယက် | မင်းဘူး | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၄၁ ဒသမ ၆ | ဒီဂရီဆဲလ်စီးယက် | ဟသ်ာတ | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၁ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် | ရွှေကျင် | ၄၀ ဒသမ ၉ | ဒီဂရီဆဲလ်စီးယက် |
| မြဝတီ | ၄၁ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် | ငါးသိုင်းချောင်း | ၄၀ ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် |

**နိုင်ငံတကာသတင်း**

## ဂျပန်နိုင်ငံ၏ ကလေးငယ်အင်အား ၄၃ နှစ် ဆက်တိုက်ကျဆင်း

စာ - ၂၃ သို့

## အီရန်က နျူကလီးယား စာတ်ပေါင်းဖိုတစ်ခု တည်ဆောက်မည်

စာ - ၂၃ သို့



## ကင်ညာ၌ မိုးရွာရေကြီးမှုကြောင့် သေဆုံးသူ ၂၈၈ ဦးအထိ မြင့်တက်

စာ - ၂၃ သို့


SIN MINN

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP

အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ

ISO 9001 : 2015
CERTIFICATE NO.TH011875

ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

